# ကွန်မြူနစ်အရေးတော်ပုံ ဂျာနယ်

အမှတ် (၄) ဇွန်၊ ၂၀၀၄ ခုနှစ်

မာတိကာ


* ခေါင်းကြီး ...... ၁
* ညောင်နှစ်ပင်ဇာတ်ရုံကြီး ...... ၂
* စစ်အုပ်စုပေါ်လစီချုပ် ...... ၂
* ရဲဘော်သို့ပေးစာ ...... ၃
* အခွင့်အလမ်းလော ...... ၈
* အာဏာပြဿနာ ...... ၉
* ကျိုရွာစိတ်ဓာတ် ...... ၁၀
* သန်းရွှေမိန့်ခွန်း ...... ၁၀
* သတင်းနဲ့မှတ်ချက် ...... ၁၁
* အညတြယူဂျီများ ...... ၁၃
* ကောက်နုတ်ချက်နှင့် ထင်မြင်ချက် ...... ၁၄


## ခေါင်းကြီး

၁။ NLD 'ညီလာခံ' တက်ရေးတွင် ထစ်နေသည့်အချက် ၂ ချက်စလုံးသည် 'ဒီပဲယင်း' နှင့် ပတ်သက်သည်။

SPDC က 'ဒီပဲယင်း' တရားခံပေါ်မှာ သိပ်ကြောက်သည်။ ဒါကြောင့် ပြည်တွင်း ပြည်ပမှာ အဆဲအဆိုခံပြီး 'ညီလာခံ' ကို NLD မပါဘဲ ဇွတ်တိုးကျင်းပနေခြင်း ဖြစ်သည်။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်လွှတ်လျှင် – စစ်ကိုင်း၊ မန္တလေး ရုံးတွေဖွင့်လျှင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒီပဲယင်းအဖြစ်မှန် ဖော်ထုတ်ကြတော့မည်။ ဖော်ထုတ်လျှင် သန်းရွှေနှင့်အပေါင်းပါများ ဘွားဘွားကြီးပေါ်မည်။

၂။ သန်းရွှေက နေဝင်းလို သတ္တိမရှိလို့ စုံစမ်းရေးကော်မရှင် မဖွဲ့ဝံ့တာ မဟုတ်။ အဖြစ်မှန် ပေါ်လျှင် သူက တစ်တရားခံအဖြစ် ပေါ်လာမှာကြောက်၍ ဖြစ်သည်။

နေဝင်းက ဦးတင်အောင်ဟိန်းစုံစမ်းရေးအစီရင်ခံစာ ဖတ်ရပြီးမှ သူ့လူတွေအကြောင်း သိရသူ ဖြစ်သည်။ သန်းရွှေကတော့ ကိုယ်တိုင်စီစဉ်သူဖြစ်၍ သိပ်ကြောက်နေသည်။

'ညီလာခံ' ကို NLD မပါဘဲ ဇွတ်တိုးကျင်းပနေခြင်းသည် သတ္တိရှိ၍ မဟုတ်။ ကြောက်လွန်းလို့ ဖြစ်သည်။

၃။ ဝန်ကြီးချုပ် ခရီးထွက်ရတော့မည်။ 'NC မှာ NLD ဘာကြောင့် မပါတာလဲ' ဟု ဟိုက မေးကြတော့မည်။ မေးလျှင် သန်းရွှေလည်း မထိခိုက်အောင် ဘယ်လိုဖြေမလဲ စောင့်ကြည့် သင့်သည်။ 'အလှည့်အပတ် – အဖာအထေး' ဘယ်လောက်ကောင်းသလဲဆိုတာ တွေ့ကြရ တော့မည်။

# ညှောင်နှစ်ပင် ဇာတ်ရုံကြီး

'ပူးသတ်' 'ခွာသတ်' ရုပ်လုံးကတော့ ပေါ်နေပါပြီ။

'ပူးသတ်' လုပ်နေသူတွေအထဲမှာ 'ငြိမ်း' အဖွဲ့တွေပါတယ်။

'ခွာသတ်' ထဲမှာတော့ NLD - SNLD - (UNA) နဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်ပရောက်ဒီမိုကရေစီ အဖွဲ့များအပြင် EU – အမေရိကန်တင်မက ကုလသမဂ္ဂတောင် ဝင်ပါလာပါပြီ။

အာဏာပြဿနာ ဘယ်သူပြောရမလဲ။ ငြိမ်းအဖွဲ့တွေက ပြောလို့ မဖြစ်။ ပြည်သူတွေက အခွင့်အာဏာပေးထားတဲ့ NLD - SNLD နဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေက ပြောရမှာဖြစ်တယ်။

ငြိမ်းအဖွဲ့တွေက ကိုယ့်ကိစ္စ ကိုယ်ပြောကြပါမယ်။ ဒါတောင် ကိုယ့်အစုထဲမှာသာ ပြောခွင့်ရှိပါတယ်။သူတို့ဒေသန္တရအကျိုးစီးပွားကို ရပ်ခံပြီး ပြောရင်ကိုပဲ ကျေနပ်စရာပါ။ တင်ပြတာတွေဟာလဲ သိန်းစိန်ကော်မရှင် ရောက်ရင် ပယ်ချမှာ သေချာတယ်။

သိန်းစိန်ကော်မရှင်ရဲ့တာဝန်က စစ်အာဏာရှင်စနစ် ခိုင်မြဲအောင် မျိုးညွန့်ကော်မရှင်လုပ်ပေးသွားတဲ့ အချက်တွေကို တရားဝင်ဖြစ်အောင် ဗိန်းဗောင်းတိုက်ပြီး လုပ်သွားစရာပဲ ကျန်ပါတော့တယ်။ ခု ပီပီပြင်ပြင် လုပ်နေကြပြီ။

NLD ပြောရေးဆိုခွင့်ရှိသူက 'သတင်းစာတွေ ဖတ်ကြည့်တော့ မူလစိုးရိမ်ထားတာထက်တောင် ပိုစိုးရိမ်စရာ ဖြစ်နေတယ်' လို့ ဖွင့်ပြောလာပါတယ်။

ကုလသံတမန် ရာဇာလီကတော့ လိပ်ခဲတည်းလည်းကိစ္စတွေအတွက် ဗမာပြည်လာချင်ပါတယ်လို့ သူ့ကိုယ်သူ လူရာဝင်အောင် လုပ်နေရတယ်။

နအဖ ရဲ့ ခံကတုတ်ကလဲ တဖြည်းဖြည်းပြိုလာတာ တွေ့ရတယ်။ သူ့ရဲ့ ပြည်ပအမာခံတွေဖြစ်တဲ့ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့က အပြစ်ဆိုလာကြပြီ။

ဇာတ်ရုံတွင်း 'ငြိမ်း' အဖွဲ့တွေကလဲ ငြိမ်ငြိမ်မနေ၊ ဒီမိုကရေစီ စကားတွေ ပြောလာနေပြီ။ တောင်းဆိုချက်တွေ ထွက်လာကြတယ်။ တချို့က သပိတ်သံ ပေးလာတယ်။

ဒါတွေကြောင့် ညီလာခံကြီး ထိုးရပ်သွားဦးမှာလားလို့ တွက်သူက တွက်တယ်။

ဖြစ်သင့်တာက ဒီတခါ ညီလာခံရပ်ရုံနဲ့မပြီး၊ သန်းရွှေရဲ့ ဒီပဲယင်း ဂိုဏ်းကလဲ နောက်ဆုတ်မယ့်ပုံ မရှိ။ ဒီမိုကရေစီအင်အားစုများဘက်ကလဲ ညီလာခံရပ်ရုံနဲ့ မပြီး၊ ပျက်သွားမှ ဖြစ်ပါမယ်။ ပျက်သွားတာနဲ့အတူ စစ်အုပ်စု တခါတည်း ပြုတ်ပါသွားအောင် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုကြောင်းပါ။

• • • • • • • • • • • • • • • • • • • •

# စစ်အုပ်စုပေါ်လစီချုပ်နှင့် ပတ်သက်၍

၁။ ဦးလွင် (NLD) က ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်တို့ ပေါ်လစီချပုံအကြောင်းကို ခပ်ပြတ်ပြတ်ပြောလိုက်တာ ကြားရသည်။ သူပြောတာ မှန်သည်။ ကွန်မင်ဒါ (C.O) တပ်မှူးက အာဏာပိုင်ဖြစ်သည်။ ဦးလွင်က 'နံပါတ်ဝမ်း' ဟုတော့ မပြော။ ကွန်မင်ဒါဟု ပြောသည်။

၂။ ဗိုလ်အောင်ကြီးကတော့ 'နံပါတ်ဝမ်း' နေဝင်းအကြောင်း အများကြီး ရေးသည်။ သူ့အပေါ် သမဂ္ဂ အဆောက်အဦး ဖုံးခွဲသည့်တရားခံအဖြစ် စစ်အုပ်စုက စွပ်စွဲ၍ ထုချေစာတမ်းရေးရာတွင် ပါသည်။ လုပ်ဖော်ကိုင်ဖက်ဟောင်းများသို့ပါ ဖြန့်သဖြင့် ကွန်မြူနစ်များ ဖတ်ရသည်။ ဦးလွင်ပြောတာထက် စုံသည်။ အတွင်းစည်းဝိုင်း (inner circle) က တင်ပြလျှင်ဖြစ်စေ၊ မိန်းမက တွန်းလျှင်ဖြစ်စေ နေဝင်းက လက်လွှတ်စပယ် အမိန့်ပေးလေ့ရှိကြောင်းကို အထောက်အထားများစွာဖြင့် ရေးသည်။

၃။ ဦးလွင်တွင်လည်း အထောက်အထားပြစရာ များလိမ့်မည်။ သို့သော် NLD ၏ ခေါင်းဆောင် ဖြစ်နေလို့ ချုံထားတာ ဖြစ်မည်။ တကယ်ဆိုရလျှင် ဘယ်စစ်အုပ်စုမှ ကော်မတီစနစ် မလုပ်ပါ။ ကော်မတီစနစ် လုပ်သည်ဟုထင်ပြီး တွက်ကြချက်ကြလျှင် တလွဲတွေ ဖြစ်ကုန်လိမ့်မည်။

ဗိုလ်ခင်ညွန့်နှင့် ပတ်သက်ပြီး KNU နှင့် ပထမတခါ ဆွေးနွေးပွဲတုန်းက ဗိုလ်ခင်ညွန့်က အလယ်အလတ်သမား (moderate) ဟုပြောတာ ကြားရ၍ CO နှင့် IO တပ်မှူးနှင့် ထောက်လှမ်းရေးမှူး ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပါဟု ပြောခဲ့ရဖူးသည်။

ယခုလည်း ဗမာပြည်တွင် ထောက်လှမ်းရေးမှူးချုပ် ဘယ်တော့မှ နံပါတ်ဝမ်း မဖြစ်နိုင်ဟု ပြောပါသည်။ ထောက်လှမ်းရေး၏ တနပ်စားဉာဏ်ဖြင့် ဟိုပြောဒီပြော ပြောထားသော ဗိုလ်ခင်ညွန့်ကို အထင်မကြီးစေလို၍ ပြတ်ပြတ် ပြောခြင်း ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲလုပ်ပေးခဲ့တာ သူတို့အားလုံးဆုံးဖြတ်ပြီး လုပ်ခဲ့တာဖြစ်သည်။ ဘေးချိတ်တော့လည်း နံပါတ်ဝမ်းအလိုကိုလိုက်ပြီး ဘေးချိတ်ကြသည်။ NLD ကို အမျိုးသားညီလာခံ (ဟောင်း) က ထုတ်ပစ်တာ ဗိုလ်မျိုးညွန့်တယောက်တည်း မဟုတ်။ နံပါတ်ဝမ်းထုတ်ခိုင်းတာ ဖြစ်သည်။

၄။ ယခုတလောတွင် ဗိုလ်သန်းရွှေနှင့် သူ့လူများက ကိစ္စကြီးတိုင်းကို ဦးစီးတာ တွေ့နေရသည်။ ဗိုလ်ခင်ညွန့်က ပါဝင်သူတဦးအဖြစ်သာ တက်သည်။ သူဦးစီးတာက ဘုရားထီးတင်တာလောက်၊ ကျောင်းဖွင့်ပွဲလုပ်တာလောက် ဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ကြရန် ကျုံးသွင်းပေးပြီးလျှင် ဗိုလ်ခင်ညွန့်အခန်း ကုန်ပြီ။ တွင်း ၂ ၏အခန်း စမည်။ တွင်း (၂) က နံပါတ်ဝမ်းကို တိုက်ရိုက်ပြောနိုင်သူ ဖြစ်သည်။ ဗိုလ်မျိုးညွန့်တုန်းက ရန်ကုန်တိုင်းမှူး နဝတအဖွဲ့ဝင်၊ ယခုဗိုလ်သိန်းစိန်က တွင်း (၂) ဖြစ်သည်ကို သတိပြုကြစေချင်သည်။

• • • • • • • • • • • • • • • • • • • •

# ရဲဘော်သို့ပေးစာ

## ရဲဘော်သို့ပေးစာ (၃)

ရဲဘော် –

၁။ ဇန္နဝါရီလကုန်မှာ "ငြိမ်းအဖွဲ့"တွေ အားလုံး လောက်နဲ့ ဗိုလ်ခင်ညွန့်တွေ့ပြီးသွားပြီ။ အခုတော့ နောက်တသုတ်ကို အတွေးအခေါ်လုပ်ငန်းလုပ်နေတယ်။ အဲဒါကတော့ တက္ကသိုလ်ဆရာ ဆရာမတွေပဲ။ ဆရာ ဆရာမတွေကို တွေ့တဲ့အခါမှာ စကားတခွန်း ထွက်လာတယ်။ "လမ်းပြမြေပုံ (RM) အဆင့်တိုင်းကို ကန့်ကွက်ဆန့်ကျင်နေကြရင် 'ဒီမိုကရေစီ' နီးလျက်နဲ့ ဝေးလိမ့်မယ်။" တဲ့။

ဒါဟာ "အမျိုးသားညီလာခံ" (NC) ခေါ်ဖို့ ခက်နေတယ်လို့ သွယ်ဝိုက်ပြီး ဝန်ခံလိုက်တာပဲ။

(RM) ရဲ့ ပွဲဦးထွက်ခြေလှမ်းဟာ (NC) ဖြစ်တယ်။ ပွဲဦးထွက်မကောင်းရင် ရှေ့ခြေလှမ်းတွေ လှမ်းဖို့ ခက်တယ်ဆိုတာ ဗိုလ်ခင်ညွန့်သိနေတယ်။ ဒါကြောင့် သိုင်းသိုင်းဝိုင်းဝိုင်းလုပ်နေတာ ဖြစ်တယ်။

၂။ "ငြိမ်းအဖွဲ့"တွေကို ခေါ်တွေ့တုန်းက ဗိုလ်ခင်ညွန့်က သစ်တော၊ သတ္တု၊ လမ်းပန်း၊ စက်မှုစတဲ့ ဌာနဆိုင်ရာဝန်ကြီးတွေ ခြံရံပြီး တွေ့တယ်။ လိုင်စင်ကန်ထရိုက်ပေးပြီး ချော့မြှူဖို့ ဖြစ်တယ်။

ဆရာ ဆရာမတွေနဲ့တွေ့တော့ အဲဒီဝန်ကြီးတွေ မပါဘူး။ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းလေ့ကျင့်ရေးဥက္ကဌ စတာတွေ ခြံရံပြီး တွေ့တယ်။ ချော့မြှူရေးမဟုတ် ခြိမ်းခြောက်ရေး လုပ်ဖို့ ဖြစ်တယ်။

ဆရာ ဆရာမတွေက မခြောက်ခင်က ကြောက်နေတဲ့ ရေမြွေတွေပဲ။ RM ထောက်ခံပွဲမှာ စင်ပေါ်တက်ခဲ့ရသူတွေပဲ။

၃။ "ငြိမ်းအဖွဲ့"တွေကတော့ ခါးပိုက်ထဲက မြွေပွေးတွေ ဖြစ်တယ်။ မချော့ရင် ဒုက္ခတွေ့သွားနိုင်တယ်။

နိုင်ငံခြားရေး ဒုဝန်ကြီးဦးခင်မောင်ဝင်းရဲ့ ထုတ်ပြန်ချက်မှာ ငြိမ်းအဖွဲ့တွေလက်ထဲ လက်နက်ပေါင်းတသိန်းရှိလို့ သူတို့ကို အလေးထားရတာပဲလို့ ဝန်ခံထားတယ်။

ပထမတော့ တသိန်းရှိနိုင်ပါ့မလားလို့ စဉ်းစားမိတယ်။ နောက်တော့မှ ကိုင်ထားတဲ့ လက်နက်ကိုပြောတာ မဟုတ်ဘူး၊ ဂိုဒေါင်ထဲက လက်နက်တွေပါ ပေါင်းပြီးပြောတာပဲလို့ နားလည်ပြီး၊ ဒါဖြစ်နိုင်တယ်လို့ သဘောပေါက်သွားတယ်။

ဟုတ်တယ်။ ဂိုဒေါင်တွေထဲမှာ လက်နက်တွေ အများကြီး ရှိတယ်။ ဗကပ ခေါင်းဆောင်မှုအောက် မရောက်ခင်ကတည်းက သူတို့ကို KMT တိုက်ဖို့ ခေတ်ဟောင်းတချက်ချင်း မောင်းထိုးရိုင်ဖယ်တွေ တပ်ဆင်ထားတာ ရှိတယ်။ ဗကပ လက်အောက် ရောက်တော့ အဲဒါတွေ ဂိုဒေါင်ထဲ ရောက်သွားတယ်။

နောက် တိုက်ပွဲရလက်နက်တွေ ဂိုဒေါင်ထဲ ရောက်တယ်။ နှစ်ပေါင်း၂၀ ကျော်အတွင်း တိုက်ပွဲတွေတိုက်ရင်း G/3, G/4 တွေ၊ စိန်ပြောင်းတွေ သောင်းချီပြီး ရတယ်။ ကျည်မပေါလို့ မသုံးဘူး။ သယ်ရတာ လေးလည်းလေးတယ်။ ဂိုဒေါင်ထဲ ထည့်ထားတယ်။ တကယ်က သုံးပျော်ပါတယ်။ သူလည်း ခေတ်မီလက်နက်တွေပဲ။ ABSDF ကို ပေးဖို့ လက်နက်တသောင်းဆိုတာ၊ အဲဒီ လက်နက်တွေကို ပြောတာဖြစ်တယ်။ ဗကပ က M21, M22 တွေ ကျည်တွေပေါပေါများများ ရှိနေလို့ မသုံးဘဲထားတာပဲ။ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်လည်း မရှိလို့ မသုံးဘဲထားတာပါ။

၄။ လက်နက်အားကိုးပြီး အာဏာသိမ်းထားသူဟာ လက်နက်ကိုပဲ ကြောက်ပါတယ်။ လိုင်စင်တွေ၊ ကံထရိုက်တွေနဲ့ ကြာရှည်ထိန်းထားလို့ မရနိုင်တာ စစ်အုပ်စု သိပါတယ်။ ဒါကြောင့် 'ငြိမ်း' တွေ လက်ထဲက လက်နက်ဖြုတ်ဖို့ အမြဲကြံခဲ့တာပါ။ အခုတော့ – အခြေခံဥပဒေမြန်မြန်ပေါ်မှ မြန်မြန် လက်နက်ဖြုတ်နိုင်မှာပဲဆိုပြီး လုပ်နေတာပဲ။

"လိုင်စင်နဲ့ကန်ထရိုက်" က ခေါင်းဆောင် လက်တဆုပ်စာကို ငြိမ်အောင်ထိန်းနိုင်ပေမယ့် အောက်ခြေတပ်ထုကို မထိန်းနိုင်ပါ၊ လက်နက်ဖြုတ်တာကို လိုင်စင်သူဌေး၊ ကံထရိုက်သူဌေးက လက်ခံချင် လက်ခံပါလိမ့်မယ်။ အောက်ခြေထုက လက်မခံနိုင်ပါဘူး။ အခြေခံလူထုအတွက် အာမခံချက် မရှိဘဲ လက်နက်အဖြုတ်မခံနိုင်ပါဘူး။

မဟာမိတ်ခေါင်းဆောင်တယောက် ပြောသလို "ကျုပ်တို့ဘဝက ခြံလှောင်မွေးတဲ့ဝက်လိုပဲ၊ ဆာလာရင်အော်လိုက်ကြ၊ လာကျွေးတော့ စားလိုက်ကြ၊ နောက်ဆုံးတော့ သတ်ပြီးအစားခံရမယ့်ဘဝပဲ" ဆိုတာ အမှန်ပါပဲ။ ဒါကြောင့် အောက်ခြေထုက မငြိမ်မသက်ဖြစ်နေကြတာပါပဲ။

၅။ NLD (DASSK) ကိုလည်း ဖျောင်းဖျနားချလို့ မရ။ KNU နဲ့အတိုက်အခိုက်ရပ်စဲရေးကလည်း မြန်မြန်ဆန်ဆန်ဖြစ်မြောက်ဖို့ မလွယ်။ KIA ထဲမှာလည်း မငြိမ်သက်။ NC တက်ပါမယ်ပြောတဲ့ အဖွဲ့တွေကလည်း မတက်မကြွ၊ အဲဒီလိုဖြစ်နေလို့ ဗိုလ်ခင်ညွန့်ရဲ့လေသံ ပြောင်းသွားတာလို့ ယူဆပါတယ်။ NC ခေါ်နိုင်မှ ပြည်တွင်းပြည်ပဖိအား လျှော့မယ်ဆိုတာလည်း သိနေ၊ NC ကို ဇွတ်ခေါ်လို့ကလည်းမဖြစ် အဲဒီလို အကျပ်တွေ့နေလို့ "နီးလျက်နဲ့ဝေး" လို့ ပြောထွက်လာတာပါပဲ။

တကယ်ကတော့ "နီးလျက်နဲ့ဝေး" အောင် လုပ်နေတာ ဗိုလ်ခင်ညွန့်ပါ။ နီးနီးနားနား ရန်ကုန်မှာ ရှိနေတဲ့ NLD နဲ့ တွေ့လိုက်ရင် ပြီးနေတဲ့ဥစ္စာ၊ ဘာကြောင့် သဝေထိုးနေသလဲ။

ဆက်ရေးဦးမယ်။

---

## ရဲဘော်သို့ပေးစာ (၄)

ရဲဘော် –

၁။ လောလောဆယ် စစ်အုပ်စု အခက်တွေ့နေတာက ငြိမ်းအဖွဲ့တွေလက်ထဲက "လက်နက်တစ်သိန်း"ကို ဘယ်လိုဖြုတ်ယူမလဲ လက်နက်ကိုင်တပ်တွေကို ဘယ်လိုဖျက်သိမ်းမလဲဆိုတာပဲ။ ဒီ

"ဆင်ခေါင်းပြဿနာ"ကို ဖြေရှင်းဖို့ သူတို့ အကြိမ်ကြိမ် စဉ်းစားဖူးတယ်။ နည်းနာအမျိုးမျိုး ကြံဖူးတယ်။

ဒါပေမဲ့ ဘယ်နည်းမှ လက်တွေ့လုပ်လို့ မရဘူးဆိုတာသိပြီး လက်လျှော့ထားရတာပဲ။ တပ်ဖျက်၊ လက်နက်ဖြုတ်ဖို့ ဆိုတဲ့ကိစ္စဟာ ဘယ်တုန်းကမှ လွယ်လွယ်ကူကူဖြစ်ခဲ့တာမျိုး မဟုတ်ဘူး။ အကြမ်းကိုင်ရင် တန်ပြန်အကြမ်းဖက်မှုကို ခံရမယ်။

"ငြိမ်းအဖွဲ့"တွေဘက်ကလည်း အခက်အခဲရှိတာပဲ။ နိုင်ငံရေးအရ ပြေပြေလည်လည် စေ့စပ်ဆွေးနွေးဖြေရှင်းတာ မလုပ်ရသေးဘဲ လက်နက် အဖြုတ်မခံနိုင်ဘူး။ သူတို့ရဲ့နိုင်ငံရေး အဆင့်နေရာနဲ့ သူတို့ရဲ့အကျိုးစီးပွားအတွက် အာမခံချက် ရှိထားချင်တယ်။ ပြီးတော့လည်း လက်နက်ကိုင်တိုက်ပွဲ ပြန်တိုက်ရမှာကို တတ်နိုင်သမျှ ရှောင်ချင်တယ်။ ဒါကြောင့် သူတို့က လိမ်မာပါးနပ်စွာ စခန်းသွားနေရတာပဲ ဖြစ်တယ်။ သူတို့က နိုင်ငံရေးနလပိန်းတုံးတွေ မဟုတ်ဘူး။ တော်လှန်ရေးသမားတွေ ဖြစ်တယ်။

၂။ လက်နက်ကိုင်တပ် ကြီးကြီးမားမားရှိတာနဲ့ ဂိုဒေါင်ထဲ လက်နက်တွေ သိမ်းထားနိုင်တာက "ဗကပ ခွဲထွက်" တွေပဲ။ ၁၉၈၉ ခုနှစ်မှာ သူတို့တတွေ ဗကပနဲ့အိမ်ခွဲတော့ ယူသွားတာတွေပဲ။ 'နဝတ'က မကြုံစဖူးရလာတဲ့ အခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး "ပိုနေမြဲ – ကျားနေမြဲ" နည်းနဲ့ ဖြေရှင်းထားရတာ ဖြစ်တယ်။ "လက်နက်အပ်ရမယ်။ တပ်ဖျက်ရမယ်" ဆိုပြီး အကြမ်းကိုင်ရင် "အိမ်ခွဲ" သူတွေက ခံမှာ မဟုတ်ဘူး။ ဗကပ နဲ့ ပြန်တွဲမိသွားမှာပဲ။ ဒါကြောင့်မို့ "ကိုယ့်နယ်၊ ကိုယ့်တပ် ပုံစံမပျက်ရှိရေး" ကို မတတ်သာဘဲ လုပ်ထားရတယ်။ ဒါဟာ စစ်အုပ်စု တလျှောက်လုံး ဆုပ်ကိုင်ထားတဲ့ "အပြုတ်တိုက်ရေး လမ်းစဉ်" ကို စွန့်လိုက်ရတာပါ။

စွန့်တုန်းကတော့ ယာယီစွန့်ဖို့ပဲ။ ၁၉၉၀ ရွေးကောက်ပွဲအပြီး "တစည အစိုးရ" တက်လာတဲ့ အခါ လက်နက်အပ်ခိုင်းမယ်။ တပ်ဖျက်ခိုင်းမယ်။ မရရင် ချေမှုန်းပစ်မယ်လို့ စဉ်းစားခဲ့တာပါ။

ဒါပေမဲ့ အဖြစ်အပျက်တွေက သူတို့ စဉ်းစားသလိုမဖြစ်ခဲ့ဘူး။ NLD နိုင်သွားတယ်။ နိုင်တာကလည်း အပြတ်အသတ်နိုင်တာ။ ဒါကြောင့် "ငြိမ်း" တွေနဲ့ ကိစ္စကို ချိုထားရတာပဲ။

KIA နဲ့ အတိုက်အခိုက်ရပ်ဖို့ ဆွေးနွေးတော့တောင်မှ နဝတက အပြုတ်တိုက်ရေး လမ်းစဉ်အတိုင်း တပ်ဖျက်ခိုင်း – လက်နက်အပ်ခိုင်းဖို့ စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့ မလွယ်တော့ပါဘူး။ နိုင်ငံတကာဖိအားတွေ၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွေ အပေးခံနေရပြီ။ ဒါကြောင့် ၁၉၈၉ ဖြေရှင်းနည်း ဗကပ ခွဲထွက်တွေကို ဖြေရှင်းတဲ့နည်းအတိုင်းပဲ လုပ်ခဲ့ရတယ်။

တရုတ်နယ်စပ်မှာ အပြုတ်တိုက်ရေး မလုပ်နိုင်ပေမယ့် ထိုင်းနယ်စပ်မှာ "အပြုတ်တိုက်ရေး" လုပ်နိုင်မယ်လို့ စစ်အုပ်စုက ထင်ခဲ့သေးတယ်။ KNU အပေါ် လုပ်ကြည့်သေးတယ်။ လုပ်မရပါဘူး။ ဒီလိုနဲ့ပဲ ၂၀၀၃ ခုနှစ်မှာ အပြုတ်တိုက်ရေးကို ထပ်ပြီးစွန့်လွှတ်လိုက်ရပြန်ပါတယ်။ KNU နဲ့ အတိုက်အခိုက်ရပ်ပြီးရင်တော့ တပြည်လုံးမှာ "အတိုက်အခိုက်ရပ်စဲရေး" အခြေခံအားဖြင့် ပြီးသွားပါပြီ။

ဒါပေမဲ့ အတိုက်အခိုက်ရပ်စဲရေးဟာ ပြည်တွင်းငြိမ်းချမ်းရေးမဟုတ်ပါဘူး။ နိုင်ငံရေး ပြဿနာ မဖြေရှင်းရသေးသမျှ ပြည်တွင်းငြိမ်းချမ်းရေး ရပြီလို့ မပြောနိုင်ပါဘူး။

၃။ အပြုတ်တိုက်ရေး ဖြေရှင်းနည်းမှာက ရှင်းပါတယ်။ နိုင်သူက သြဇာပေး။ ရှုံးသူက နာခံ။ စောဒကတက်ခွင့် မရှိ။ နိုင်သူပြောတာ တသွေမတိမ်း လိုက်နာရတာပါ။ အခု "၁၉၈၉ ဖြေရှင်းနည်း" က အဲဒီနည်း မဟုတ်ပါဘူး။

ပါတီက တင်ပြနေတဲ့ စေ့စပ်ဆွေးနွေးပြီး ပြည်တွင်းစစ်ရပ်စဲ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်တဲ့နည်းလည်း မဟုတ်ပြန်ပါဘူး။ ကြားနည်းပါ။

အတိုက်အခိုက်ကို အရင်ရပ်၊ ပိုနေမြဲ ကျားနေမြဲနေ၊ နောင်မှ စေ့စပ်ဆွေးနွေးကြမယ်ဆိုတဲ့နည်း ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးရေးက နောက်ရောက်နေပါတယ်။ စေ့စပ်ဆွေးနွေးတာ အဆင်မပြေရင် ပြန်တိုက်ကြမှာပါ။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရပြီလို့ မပြောနိုင်ပါဘူး။

၄။ ဗမာစစ်အုပ်စုဟာ ဘယ်သူ့ကိုမှ လက်နက်ကိုင်သီးခြားတပ်ကို ဖွဲ့ခွင့်မပေးပါဘူး။ ဝါးရင်းတုတ်ကိုင်တဲ့တပ်တောင် ဖွဲ့ခွင့်မပေးပါဘူး၊

အင်္ဂလိပ်က ဖွဲ့ပေးခဲ့တဲ့လူမျိုးအခြေခံ ကရင်ရိုင်ဖယ်၊ ကချင်ရိုင်ဖယ်၊ ချင်းရိုင်ဖယ် တပ်ရင်းတွေကို စစ်အုပ်စုက ဖျက်ပစ်ပါတယ်။ သူ့သြဇာခံ မဟုတ်တဲ့ လက်နက်ကိုင်တပ်ဆိုရင် ဗမာလူမျိုးတပ်တွေကိုလည်း ဖျက်ပစ်ပါတယ်။ မျိုယူပါတယ်။ ပုလိပ်တွေ၊ အမ်းပုလိပ်တွေ၊ ယူအမ်ပီတပ်တွေ၊ ပြူစောထီးတွေဆိုတာဟာ အများအားဖြင့် ဗမာတပ်တွေပါ။ ဒါပေမဲ့ သြဇာခံမဟုတ်လို့ ဖျက်ပစ်ပြီး မျိုယူပါတယ်။

အဲဒါတွေက ဖဆပလအစိုးရက ဖွဲ့ခဲ့တဲ့တပ်တွေချည်းဖြစ်လို့ စစ်အုပ်စုက ဖျက်ပစ်ပြီး မျိုယူဖို့ လွယ်ပါတယ်။ မျိုထားဝံ့ပါတယ်။ ဒါပေမဲ့ "ငြိမ်းအဖွဲ့" တပ်တွေကို ဖျက်ဖို့နဲ့ မျိုဖို့ကျတော့ မလွယ်ပါဘူး။ မျိုမထားဝံ့ပါဘူး။

ဒီတပ်တွေက ကွန်မြူနစ်တွေဖွဲ့ခဲ့တဲ့ တော်လှန်ရေးတပ်တွေ "ကရင်တော်လှန်ရေး" "ကချင်တော်လှန်ရေး" "ရှမ်းတော်လှန်ရေး" အဲဒီလို တပ်တွေ ဖြစ်နေတယ်။ ဖဆပလ ဖွဲ့ထားတဲ့တပ်တွေ မဟုတ်ဘူး။ စစ်အုပ်စုနဲ့ သူသေကိုယ်သေ တိုက်ခဲ့တဲ့တပ်တွေ ဖြစ်တယ်။ တိုက်တာကလည်း နှစ်တွေ ဆယ်စုနဲ့ချီပြီး တိုက်ခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့် သူတို့က ဖျက်ပစ်ဖို့ပဲ စဉ်းစားမယ်။ မျိုယူဖို့ မစဉ်းစားဝံ့ပါဘူး။

လာမယ့်အမျိုးသားညီလာခံ (NC) မှာ စစ်အုပ်စုက ငြိမ်းအဖွဲ့တပ်တွေနဲ့ ပတ်သက်ပြီး သီးခြားတင်ပြနေမှာ မဟုတ်ဘူး။ အခုရေးထားတဲ့ "မူ ၁၀၄ ချက်" နဲ့ နောက်ထပ်ရေးမယ့်အထဲမှာ "မူ" တွေဆိုပြီး မသိမသာရောထည့်မှာပဲ။

ကျွန်တော်တို့ (ရဲဘော်ဟောင်း) မိတ်ဆွေတွေက အဲဒီ "မူ" ဆိုတာတွေကို စေ့စေ့စပ်စပ် ကြည့်ဖို့ လိုတယ်။ မူဆိုတာတွေကို လက်တွေ့လုပ်ရင် ဘယ်လိုဖြစ်လာမလဲဆိုတာ ကြည့်တတ်ဖို့ လိုတယ်။ မသိလိုက်လို့ ခံလိုက်ရတယ်ဆိုတာ မဖြစ်ဖို့ပဲ။ ဥပမာ – ကာကွယ်ရေးဦးစီးချုပ်က ၂၅% ခန့်မယ်ဆိုတာ ဘယ်သူတွေကို ခန့်မှာလဲ၊ မုချကိုင်ထားမယ့်ဌာနတွေကို ဘယ်သူတွေကိုင်မှာလဲ။ အဲဒီလူတွေက ဗမာစစ်ဗိုလ်တွေလား၊ ကိုယ့်လူမျိုးထဲက ကာကွယ်ရေးတွေလား အသေးစိတ် လေ့လာရပါမယ်။ ကန့်ကွက်စရာရှိရင် ရဲရဲ ကန့်ကွက်ရမယ်။ ကရော်ကမည် လုပ်လို့ရှိရင် ကိုယ်ပဲ ခံရမှာပဲ။ ကိုယ့် လူမျိုးတွေ ခံရမှာပဲ။

ခံတာကလည်း ဆွေစဉ်မျိုးဆက် ခံကြရမှာ ဖြစ်တယ်။

ဗမာစစ်အုပ်စုဟာ ကိုယ့်ဒူးတောင် ကိုယ်ယုံတာ မဟုတ်ဘူး။ သူတို့ရဲ့ခေါင်းကိုင်ဖခင်တွေဟာ ကွန်မြူနစ်တွေနဲ့ တချိန်က ကျောင်းနေဖက်တွေ ငယ်သူငယ်ချင်းတွေ တိုက်ဖော်တိုက်ဖက်တွေပါ။ သူတို့ ၁၉၅၈ မှာ အာဏာသိမ်းတော့ အရက်စက်ဆုံး ဖိနှိပ်သူတွေ ဖြစ်လာတာပဲ။

"မြို့ပေါ်မှာ ကွန်မြူနစ်ရှားနေလို့ တောထဲသွားပြီး အပင့်ခိုင်းနေတာ မဟုတ်ဘူး။ လက်နက်မချဘူးဆိုရင် ပစ်သတ်ခဲ့" လို့ အမိန့်ပေးသူတွေ ဖြစ်လာတာပဲ။

အဲ – လက်နက်ချမယ်ဆိုရင်တော့ အပျော့ပျောင်းဆုံး လုပ်ပါလိမ့်မယ်။ ဗကသ လုပ်ဖက် – တော်လှန်ရေးလုပ်ဖက် ကွန်မြူနစ်တယောက်ကို ဖမ်းမိတော့ "နှစ် ၂၀ ပညာရှာခဲ့တယ်။ နှစ် ၂၀ ကွန်မြူနစ်လုပ်ခဲ့တယ်။ နောက်ထပ်ကျန်တဲ့ လူ့သက်တမ်း နှစ် ၂၀ ကိုတော့ စီးပွားရှာတာပဲ လုပ်တော့မယ်" ဆိုတဲ့ စကားကို အသံသွင်းပေးစေပြီး – လွှတ်ပေးလိုက်တယ်။ အဲဒီလောက် ပျော့ပျောင်းပါတယ်။ အဲဒီအသံသွင်းထားတာကို လူသိရှင်ကြား ကြေညာတာလည်း မလုပ်ဘူး။ လိုရမယ်ရ သိမ်းထားတာပဲ။ ဘယ်လိုမှ လက်နက်မချနိုင်ဘူးဆိုတဲ့ ဗိုလ်သိန်း၊ ဗိုလ်အာဠာဝက၊ သခင်မောင်ကြီး စသူတွေကိုတော့ ဖမ်းမိပြီးမှ သတ်ပစ်ကြတာပဲ။

၅။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ ရှိနေတဲ့ကာလတုန်းကသာ စစ်အုပ်စုက အပြုတ်တိုက်ရေးလမ်းစဉ်ကို စွန့်ပစ်ခဲ့ရင် အခုတွေ့နေတဲ့ အကျပ်အတည်းမျိုး ကြုံမှာမဟုတ်ဘူး။ ပါတီက ပြည်တွင်းစစ်ပြဿနာကို စေ့စပ်ဆွေးနွေးဖြေရှင်းပြီးရင် တပ်နဲ့လက်နက်ကိစ္စကို တရားဥပဒေအရ ဖြစ်ရစေမယ်လို့ စာရေးပေးထားတာပဲ။ (သခင်တင်ထွန်းပေးစာ၊ ဗိုလ်ရဲထွဋ်ပေးစာ၊)

အခုတော့ အခြေခံဥပဒေမရှိတဲ့ ကာလကျမှ အပြုတ်တိုက်ရေးစွန့်ပစ်တာဖြစ်တော့ အခက်အခဲက ကြီးနေတယ်။

ဆက်ပြီး ရေးပါဦးမယ်။ NC မပြီးမချင်း ရေးနေမှာပါ။

## 'ရဲဘော် – သို့ပေးစာ' အမှတ် (၅)

ရဲဘော် –

၁။ ဗိုလ်ခင်ညွန့် ပညာကုန်ထုတ်သုံးလို့မှ 'အမျိုးသားညီလာခံ' (NC) ခေါ်ရေး မရေမရာ ဖြစ်နေရင် အကြမ်းဖက်လိမ့်မယ်။ အဲဒါအတွက် ကျွန်တော်တို့ ကြိုပြီးပြင်ရပါလိမ့်မယ်။ ဘယ်လို အကြမ်းဖက်လာမလဲဆိုတာတော့ အတိအကျ မပြောနိုင်ဘူး။ သူတို့မှာ နမူနာယူစရာတွေ ရှိတယ်။ အဲဒါတွေက ၄၈ – ၄၉ နမူနာ၊ (အတိုက်အခံကို မြို့ပေါ်နေမရအောင်လုပ်ပြီး တောထဲမောင်းပို့တာ) – ၁၉၇၀ ပြည့်လွန်နမူနာ ('၃၃ ဦးအကြံပေးအဖွဲ့' ကို ငြိမ်သွားအောင် လုပ်တာ) – ၁၉၈၈ နမူနာ (ပျော့ညံ့တဲ့သူတွေကို နေဝင်းက သူနဲ့အတူ ခေါ်ဆင်းသွားပြီး စိန်လွင်ကို ဓားလွှတ်အပ်ခဲ့တာ) အဲဒါထဲက တခုခုကို လုပ်မှာပဲလို့ တွက်တယ်။ နောက်ဆုံးနည်းဖြစ်ဖို့ များပါတယ်။

တခုပဲ – သူတို့စဉ်းစားရလိမ့်မယ်။ အဲဒါက နိုင်ငံတကာ့အခြေအနေ ဟိုတုန်းကနဲ့ မတူတော့ဘူးဆိုတာ စဉ်းစားရမှာ ဖြစ်တယ်။ စစ်အေးခေတ်မှာ ဖဆပလ အစိုးရ – နေဝင်း စစ်အစိုးရတို့လို ချောင်မှာမဟုတ်ဘူးဆိုတာ သူတို့ သိနေပါတယ်။ ဒါကြောင့် သူတို့ အခုကတည်းက နိုင်ငံခြားမှာ စတင်လှုပ်ရှား နေတာ တွေ့ရတယ်။

၂။ ၁၉၈၈ မှာ ပေါ်လာတဲ့ နဝတ/နအဖ စစ်အုပ်စုနဲ့ လူထုရဲ့တိုက်ပွဲစဉ်မှာ အခုတိုက်ပွဲဟာ 'နောက်ဆုံးတိုက်ပွဲ' ဖြစ်တယ်လို့ ပါတီက ပြောခဲ့တယ်။ တိုက်ပွဲတိုက်ရင် အရှုံးအနိုင်ဆိုတာ ရှိစမြဲ၊ သူနိုင်ရင် '၁၀၄ ချက်' အတည်ဖြစ်မယ်။ ကိုယ်နိုင်ရင် ၁၀၄ ချက် ပျက်မယ်။

သူနိုင်လို့ အတည်ဖြစ်သွားရင် အရှုံးပေးလိုက်ဖို့ မဟုတ်ဘူး။ စစ်အုပ်စုနဲ့ လူထုတိုက်ပွဲကို ပုံစံသစ်နဲ့ ဆက်တိုက်ရမှာပဲ။ ပါတီကတော့ အခြေအနေသစ်မှာ ပုံစံသစ်နဲ့ ဆက်တိုက်ဖို့ပါ စဉ်းစားထားပြီး ပြင်ဆင်တာ လုပ်နေတယ်။

ကိုယ်နိုင်လို့ ၁၀၄ ချက် ပျက်ရင်တော့ ပါတီက အရာရာကို အပြုသဘောနဲ့ တုံ့ပြန်သွားဖို့ စဉ်းစားထားပြီးသားပါ။ သင့်တော်တဲ့အချိန်ရောက်ရင် ထုတ်ပြန်မှာပါ။

၃။ ထိုင်းရဲ့ 'ဘန်ကောက်အစီအစဉ်' (Bangkok Process) အန္တိယရဲ့ 'အရှေ့မျှော်ကြည့်' (Look East) ပေါ်လစီ၊ အမေရိကန်ရဲ့ ဒဏ်ခတ်မှု (sanction) EU ရဲ့ ဒဏ်မခတ်တခတ်ပေါ်လစီ စတာတွေဟာ သူတို့ရဲ့အကျိုးစီးပွားပေါ်မှီပြီး ချမှတ်ကြတာ ဖြစ်တယ်။ ကိုယ့်အတွင်းမှာ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် ဆိုပြီး အပြစ်ရှာနေကြရင် အဖြစ်မှန်နဲ့ မကိုက်ဘူး။ အချင်းချင်း ရန်လုပ်ကြတာပဲ အဖတ်တင်ပြီး – စစ်အုပ်စုက ဝင်အမြတ်ထုတ်တာ ခံရလိမ့်မယ်။

တရုတ်ရဲ့ပေါ်လစီက ၁၉၈၀ ကတည်းက ချမှတ်တဲ့ပေါ်လစီ ဖြစ်တယ်။ ၁၉၈၈ ကျမှ ပေါ်တာ မဟုတ်ဘူး။ အိန္ဒိယရဲ့ အရှေ့မျှော်ကြည့်ပေါ်လစီကလည်း ကျွန်တော်တို့ဗမာပြည် နိုင်ငံရေးကြောင့် ပေါ်တာမဟုတ်ဘူး။ အနောက်ဘက်မျှော်ကြည့်ရင် မူဆလင်ကမ္ဘာပဲရှိလို့ အရှေ့မျှော်ကြည့်တာပဲ။ ထိုင်းကလည်း ဗီယက်နမ်စစ်ပွဲ သင်ခန်းစာထုတ်ပြီး ဒီတခါတော့ အနေချောင်မှ ဖြစ်မယ်ဆိုပြီး လုပ်တာပဲ။ ဗမာပြည်နိုင်ငံရေးကြောင့်ချည်း မဟုတ်ဘူး။ CIA ကမွေးထားတဲ့ မှုန်လူမျိုးဒုက္ခသည်တွေ ပြဿနာက အခုထိ ထိုင်းမှာ ရှိနေတယ်။ အမေရိကန်လို ဖုတ်ဖက်ခါပြီး အင်ဒိုချိုင်းနားက ထွက်သွားလို့ မရတဲ့တိုင်းပြည် ဖြစ်တယ်။

> **"အခုအချိန်ဟာ 'တိုက်ပွဲနိဂုံးချုပ်' လုပ်ရမယ့် အချိန် မဟုတ်ဘူး။ အရှုံးအနိုင် မပြတ်သေးဘဲ 'နိဂုံးချုပ်ချက်' လုပ်ရင် ရန်သူ့အကြိုက် ဖြစ်သွားမယ်**

နိုင်ငံတိုင်းဟာ ၉ – ၁၁ နဲ့ အီရတ်စစ်ပွဲအပြီး နိုင်ငံတကာ့အခြေအနေကိုကြည့်ပြီး ကိုယ့်နိုင်ငံရဲ့ အနေအထားသစ်ကို ယူနေကြတာ ဖြစ်တယ်။ ကိုယ့်အတွင်းလှည့်ပြီး တရားခံရှာနေကြရင် အနာတခြားဆေးတခြားဖြစ်မှာ သေချာတယ်။

အခုတလောမှာ အင်တာနက်ပေါ်က အတွေးအခေါ်တိုက်ပွဲတွေ တွေ့နေရတယ်။ NLD နဲ့ ပတ်သက်ရာပတ်သက်ကြောင်း ပြည်ပရောက်အဖွဲ့အစည်းတွေကို NCGUB ကို ပစ်မှတ်ထားပြီး ထိုးနှက်နေတာ တွေ့ရတယ်။ ပါတီဗဟိုက အဲဒီအထဲ ဝင်မပါကြနဲ့လို့ ပါတီဝင်တွေကို ညွှန်ကြားထားတာဟာ ကိုယ့်အတွင်း သွေးစည်းညီညွတ်ရေး မပျက်စေချင်လို့ပဲ။ အနာတခြားဆေးတခြားကုထုံးဖြစ်နေလို့ပဲ။ စစ်အုပ်စုက နိုင်ငံခြားထွက်ပြီး ဘယ်တုန်းကနဲ့မှ မတူအောင် ပျော့ပျောင်းပြနေချိန်မှာ ကိုယ့်အထဲမှာ ကြက်ခေါင်းဆိတ်မခံဖြစ်နေတာ ခွင့်မလွှတ်နိုင်ဖြစ်နေတာကို မလိုလားလို့ပဲ။

၄။ အခုအချိန်ဟာ 'တိုက်ပွဲနိဂုံးချုပ်' လုပ်ရမယ့်အချိန် မဟုတ်ဘူး။ အရှုံးအနိုင် မပြတ်သေးဘဲ 'နိဂုံးချုပ်ချက်' လုပ်ရင် ရန်သူ့အကြိုက် ဖြစ်သွားမယ်။ ဒါပေမဲ့ တိုက်ပွဲအနိုင်ရဖို့အတွက် လမ်းစဉ်သုံးသပ်တာတော့ လုပ်ရလိမ့်မယ်။ အဲဒါကလဲ လမ်းစဉ်ကို အားဖြည့်ဖို့ပဲ။

နောက်ဆုံးတိုက်ပွဲက အခုမှစကာရှိသေးတယ်။ NC လုပ်မယ့်ရက်ချိန်းတောင် နအဖက မပေးဝံ့သေးဘူး။ တကယ်လို့ ရက်ချိန်းပေးပြီဆိုဦးတော့ ကျွန်တော်တို့က မူပေါ်ကြံ့ခိုင် နည်းပရိယာယ်ပျော့ပျောင်းတာကို အစွမ်းကုန်ပြရပါမယ်။ NC တက်သူ တို့ရန်သူလို့ ကြေညာလို့ မဖြစ်ဘူး ထင်ပါတယ်။

'ဘန်ကောက်အစီအစဉ်' ထဲ ဝင်ပါသူနဲ့ သေခန်းပြတ်လုပ်လို့ မဖြစ်ဘူး ထင်ပါတယ်။

ဆက်ပြီးရေးဦးမယ်။

## 'ရဲဘော် – သို့ပေးစာ' အမှတ် (၆)

ရဲဘော် –

၁။ 'အမျိုးသားညီလာခံ' (NC) ကို ဇွတ်တိုးပြီး SPDC က လုပ်တော့မယ်။ ဘယ်သူတွေ ကန့်ကွက်ကန့်ကွက် မျက်စိမှတ်ပြီး လုပ်မှာပဲ။ အဲဒီလို လုပ်စေတဲ့ အကြောင်းအချက်က (၃) ခု ရှိတယ်။

– တခုက ပြည်တွင်းမှာ သူတို့ အာဏာစက်ကို တပြည်လုံး ကြောက်လန့်ပြီး ငြိမ်ဝပ်ပိပြားနေတုန်း လုပ်ထားမှဖြစ်မယ်လို့ တွက်လို့ပဲ။ (ဒီပဲယင်းနဲ့ စမ်းကြည့်ပြီးပြီ)

– ဒုတိယက ထိပ်သီး ၃ ဦး ပင်စင်ယူရမယ့် သက်တမ်း ကျော်ခဲ့တာကြာပြီ။ ကြာတော့ လူတွေရယ်သွမ်းသွေးစရာ ဖြစ်နေပြီ။ သူတို့ အာဏာရစတုန်းက လူလတ်ပိုင်းတွေပဲ။ ဒါပေမဲ့ အကြောင်းကြောင်းတွေကြောင့် ၁၆ နှစ် ကြာသွားတယ်။ နောက်လူကို နေစရာပေးဖို့ ကိုယ့်ကိုယ်ကိုယ် ရာထူးတိုးပေးတာကလည်း အဆင့်ကုန်နေပြီ။ လူငယ်ခြေတက်တွေကလည်း သူတို့ကို မကြည်တော့ဘူး။

ယာယီပါလို့ ကတိပေးထားရတာ၊ ရွေးကောက်ပွဲ လုပ်ပေးထားရတာ၊ ရလဒ်ကို ချောင်ထိုးထားရတာ၊ အမျိုးသားညီလာခံ လုပ်ကြည့်ပြီး ရပ်ထားရတာစတဲ့ ခြေမန်းကွင်းတွေ အထပ်ထပ် အစွပ်ခံထားရတဲ့ 'အဖိုးကြီးတွေ' ကို ဖယ်ပစ်မှ တို့တက်လမ်းရှိမယ်လို့ ထင်နေကြပြီ။ ဒါကြောင့် မြန်မြန်ယူနီဖောင်းချွတ်ပြီး 'သမ္မတ' 'ဝန်ကြီးချုပ်' လုပ်ကြမှ ဖြစ်တော့မယ်လို့ လက်ကျန်ထိပ်သီး ၃ ဦးက တွက်တယ်။

– တတိယက ASEAN အလှည့်ကျ ဥက္ကဋ္ဌလုပ်ဖို့ဆိုရင် – ဖွဲ့စည်းပုံအရ တက်နေတဲ့အစိုးရအဖြစ် ရုပ်ပြောင်းရုပ်လွှဲလုပ်ထားဖို့ လိုတယ်။ ၂၀၀၆ ခုနှစ်က ဖင်လှည့်ခေါင်းလှည့်နဲ့ ရောက်လာတော့မယ်။

၂။ အထက်က '၃' ချက်မှာ ပထမနဲ့ ဒုတိယက လူထုနဲ့ စစ်တပ်အခြေအနေ ဖြစ်တယ်။ တတိယက ပြည်ပအခြေအနေပဲ။

အာဏာရစစ်အုပ်စု အကြောက်ဆုံးက လူထုအုံကြွမှုပဲ။ မဆလ ပြုတ်သွားတာ သူတို့ (နအဖ) မျက်စိရှေ့မှာ ဖြစ်ခဲ့တာပဲ။ ဒါကြောင့် သူတို့ဟာ လူထုအုံကြွမလာအောင် ကြမ်းကြမ်းရမ်းရမ်း လုပ်ခဲ့ကြတာပဲ။ လှုပ်လှုပ်ရှားရှားလုပ်သူကို ထောင်ဒဏ်များများချ၊ လွတ်ရက်စေ့ပေမယ့် မလွှတ်။

ကြာတော့ ဂျပန်ကင်ပေတိုင်ခေတ် ထက်ဆိုးတဲ့ ထောက်လှမ်းရေးခေတ် ရောက်နေတာပဲ။

၃။ ကျွန်တော်တို့ လုပ်သင့်တာက သူတို့ အကြောက်ဆုံးဖြစ်တဲ့ လက်နက်ကို ထုတ်သုံးဖို့ပဲ။ NC ပျက်အောင်ဖက်ဖို့ချည်း စဉ်းစားနေလို့ မရဘူး။ NC ကို ပြုပြင်ပြောင်းလဲပစ်ဖို့ NLD ကြိုးစားနေတာအပေါ် ချည်း ပုံထားလို့ မရဘူး။

NLD က အစွမ်းကုန် ပျော့ပျော့ပျောင်းပျောင်းချည်းကပ် – ချုပ်ချုပ်တီးတီး ပြောနေတာကို ကျွန်တော်တို့ အားပေးရမှာပါ။ ဒါပေမဲ့ SPDC က တင်းခံပြီး NC ဇွတ်တိုးလုပ်ရင် ဘာလုပ်ကြမလဲဆိုတဲ့ ဒုတိယခြေလှမ်းအတွက် စဉ်းစားထားရမယ်။

> **ဘက်စုံပြင်ဆင်တာ ကောင်းရင် – နည်းပရိယာယ်မှန်ရင် – တက်ညီလက်ညီ လုပ်ကြရင် နိုင်မှာပဲ**

၄။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ လုပ်ငန်းတခုထဲမှာ အားလုံးစုပြုံပြီး လုပ်နေလို့ အကျိုးမရှိဘူး။ အခြေအနေနဲ့ အချက်အလက်မတူသလို မတူတဲ့လုပ်ငန်းတွေ ခွဲပြီးလုပ်ရမယ်။

CPB က U/G ပါတီပဲ။ လူထုအုံကြွမှုအတွက် ပြင်ဆင်တာပဲ ဇောင်းပေးလုပ်ရမှာပဲ။ သူများတွေလို တတိယနိုင်ငံမှာ ကိုယ့်ဘက်ပါအောင်ဆွဲတဲ့ lobby လုပ်နိုင်တဲ့ အခြေအနေနဲ့ အချက်အလက်မရှိဘူး။ NLD လုပ်သလိုလည်း 'NC' တက်စေချင်ရင် ဒါတွေ ပြင်ပေးပါလို့ လုပ်လို့မရဘူး။ သူတို့က ရွေးကောက်ပွဲ အကြီးအကျယ်နိုင်ထားတဲ့ပါတီ။ ပြည်တွင်းပြည်ပ ထောက်ခံမှုရနေတဲ့ပါတီ။ သူ့လုပ်ငန်းစဉ်လမ်းစဉ်နဲ့ သူလုပ်နေတဲ့ပါတီ ဖြစ်တယ်။

သူတို့လုပ်သလို CPB လုပ်လို့မရဘူး။ လုပ်နိုင်တဲ့ အခြေအနေလည်း မရှိဘူး။

CPB လုပ်နိုင်တာက သူတို့မှချ ဖြတ်သန်းရမယ့် အဆင့်ကနေစောင့်ပြီး 'လူထု အုံကြွမှု' နဲ့ အဆုံးအဖြတ်တိုက်ပွဲ တိုက်ဖို့ဖြစ်တယ်။ 'လူထုအုံကြွမှု' ဆိုတာကို လမ်းပေါ်ထွက်၊ လက်သီးလက်မောင်းတန်း ကြွေးကြော်မှ အုံကြွမှုလို့ ပါတီက မယူဆဘူး။ နိုင်ငံရေးပြုမှု ဆောင်ရွက်ချက်ကို ရဲရဲလုပ်ရင်လည်း အုံကြွမှုလို့ သတ်မှတ်တယ်။ ဘက်စုံပြင်ဆင်တာကောင်းရင် – နည်းပရိယာယ်မှန်ရင် – တက်ညီလက်ညီ လုပ်ကြရင် နိုင်မှာပဲ။

အဲဒါအတွက်ပဲ စဉ်းစားပြီး ပါတီက 'ပွဲကိုင်ကော်မတီ' ဆိုတဲ့ အဆိုပြုချက်တင်တာ ဖြစ်တယ်။ NLD ပြောတဲ့ အနိမ့်ဆုံး တောင်းဆိုချက်ကိုတောင် မလိုက်လျောတဲ့ SPDC က CPB အဆိုပြုချက်ကို လက်ခံမယ်ထင်လို့ မဟုတ်ဘူး။ ပွဲကြည့်ပရိသတ်ဖြစ်နေတဲ့ လူထုနဲ့ တပ်မတော်ထဲက အမြော်အမြင်ပြည့်ဝတဲ့ စစ်ဗိုလ်ကြီးတွေကို နှိုးဆော်ချင်တာ ဖြစ်တယ်။

၅။ အာဏာရှင်မားကို့စ်၊ အာဏာရှင်ဆူဟာတို ဘယ်လိုပြုတ်ခဲ့သလဲ။ လူထုနဲ့ အမြော်အမြင်ရှိတဲ့ ဗိုလ်ချုပ်တွေ ပေါင်းဖြုတ်ချလို့ပဲ။ ဗမာပြည်က ခြွင်းချက် မဟုတ်ဘူး။ နေဝင်းပြုတ်ကျမလို တဲတဲ ကလေးဖြစ်ခဲ့ရာက ပြန်မတ်လာတာဟာ ကွန်မြူနစ်နဲ့တပ်မတော် ပြည်တွင်းစစ် ဖြစ်နေချိန်မို့ပဲ။ တွေ့ဝေတဲ့ဗိုလ်ချုပ်တောင် အမြော်အမြင်ရှိတဲ့ ဗိုလ်ချုပ် ဖြစ်မလာပါဘူး။ သာကူးဗိုလ်ချုပ်ပဲ ပေါ်မလိုလို ဖြစ်ခဲ့ပါတယ်။

လူထုက သဘောထားပြည့်ဝ ကြီးမြတ်ပါတယ်။ ဖိလစ်ပိုင်မှာ ဗိုလ်ချုပ်ရားမို့စ်ကို သမ္မတ တင်ခဲ့တယ်။ အင်ဒိုနီးရှားမှာ ဗိုလ်ချုပ်ဟောင်း ဝီရန်တိုကို သမ္မတလောင်းအဖြစ် နေရာပေးနေပြီ။ လူထုက အမြော်အမြင်ရှိတဲ့ ဗိုလ်ချုပ်ဆိုရင် ကြိုဆိုမှာပါ။ ကယ်တင်ရှင်လို့တောင် ဂုဏ်ပြုမှာပါ။

၂၃ – ၄ – ၂၀၀၄

## ရဲဘော်သို့ပေးစာ အမှတ် (၇)

ရဲဘော် –

၁။ 'ညီလာခံ' ဆိုတာကြီး စပြီးလုပ်နေပြီ။ ဒီတခါ လုပ်တဲ့ 'ညီလာခံ' က ထူးခြားတယ်။ NLD မတက်ဘူး။ "ငြိမ်း" တွေ အင်ကုန်အားကုန် တက်နေတယ်။ လက်ညှိုးထောင်ခေါင်းညိတ်မယ့် တိုင်းရင်းသားလူမျိုးစုတွေလည်း အများကြီး တက်နေတယ်။

စစ်အုပ်စုဘက်မှာလည်း ထူးခြားချက် ရှိတယ်။ ဟိုတခါလို စောမောင်က မျိုးညွန့်ကို လွှဲထားသလိုမျိုး မလုပ်ဘူး။ သန်းရွှေက တွင်း (၂) ကို ဦးစီးစေတယ်။ အခြေအနေကို အချိန်နဲ့ တပြေးညီ တင်ပြစေတယ်။ အဆုံးအဖြတ်မှန်သမျှ ကြီးကြီးသေးသေး သူကိုယ်တိုင်ဆုံးဖြတ်တယ်။

တွင်း (၁) ကနေ ဝန်ကြီးချုပ်ဖြစ်သွားတဲ့ ဗိုလ်ခင်ညွန့်က 'ညီလာခံ' ဖိတ်စာကမ်းတဲ့အလုပ်၊ ငြိမ်းတွေအားလုံးတက်အောင် စည်းရုံးတဲ့အလုပ်၊ ဆရာဆရာမတွေ၊ စာနယ်ဇင်းပုဂ္ဂိုလ်တွေ 'ညီလာခံ' တက်အောင် ဖိအားပေးတဲ့အလုပ်၊ ဖာတဲ့ထေးတဲ့အလုပ် – ဒါတွေပဲ လုပ်တယ်။ သူတို့တတွေ တာဝန်ခွဲပြီး လုပ်တဲ့သဘောလို့ ယူဆရတယ်။

'ငြိမ်း' တွေက ကြိုတင်စည်းကမ်းချက် တွေ တင်ပြတယ်။ ဒါလည်း ထူးခြားချက်ပဲ။ ဟိုတုန်းက NLD က ကြိုတင်စည်းကမ်းချက် မယူဘဲ တက်တယ်။ 'ငြိမ်း' တွေက ကြိုတင်စည်းကမ်းချက် တွေ တင်တယ်။ ထုတ်ပြန်တယ်။ အသံလွှင့်ရုံ တွေကလည်း အရင်တခါထက် ပိုပြီးစိတ်ဝင်စားလို့ လွှင့်ကြတယ်။ ကမ္ဘာသိ မြန်မာသိ ဖြစ်သွားတယ်။လူထုက စိတ်ဝင်စားတယ်။ ဒါလည်း ထူးခြားချက်ပဲ။

စခန်းမဝင်ခင်မှာ ဗိုလ်ခင်ညွန့်က 'စိတ်မကောင်းဘူး' ဆိုတဲ့စကားပဲပြောပြီး 'ငြိမ်း' တွေကို စခန်းသွင်းပေးလိုက်တယ်။ ဘာကြောင့် 'စိတ်မကောင်း' တာလဲဆိုတာတော့ ရှင်းမပြဘူး။ ဖြစ်နိုင်တာက သူပြောတာတွေနဲ့ပြောင်းပြန် သိန်းစိန်ကော်မရှင်က လုပ်တော့မယ်ဆိုတာသိပြီး 'စိတ်မကောင်းတာ' ဖြစ်ချင်ဖြစ်မယ်။ ငါတော့ လိမ်လိုက်မိပြီဆိုပြီး လိပ်ပြာမသန့်လို့ စိတ်မကောင်း တာလည်း ဖြစ်ချင်ဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် ညီလာခံထဲတော့ ကျွန်တော်တို့မိတ်ဆွေတွေ ရောက်ကြပြီ။

၂။ 'သိန်းစိန်ကော်မရှင်' အစွမ်းပြနေတာကို ကျွန်တော်တို့ ကြားစပြုနေပြီ။ 'ညီလာခံ' ထဲမှာ 'ငြိမ်း' တွေ ဘေးကျပ်နံကျပ် ဖြစ်နေပြီ။ အသံလွှင့် ရုံတွေကလည်း သတင်းလိုက်ကြ၊ သတင်းနှိုက်ကြ ဆိုတော့ မိတ်ဆွေတွေ ဆင်ဆင်ချင်ချင် ပြောနေ ရတယ်။

ပါတီကတော့ – 'ငြိမ်း' တွေဟာ NLD နဲ့ မတူဘူး။ သူတို့ 'ညီလာခံ' က ထွက်လာရုံနဲ့ 'ညီလာခံ' ရပ်သွားမှာ မဟုတ်ဘူး။ သူတို့ ပြောနိုင်သမျှ သူတို့ဆန္ဒကို ပြောပြီးပြီ။ ဒီထက် ပိုလုပ်နိုင်တဲ့အစွမ်း သူတို့မှာ မရှိတော့ဘူး။ လက်နက်ကိုင်ထားပြီး စစ်ရပ်စဲထားတဲ့ အဖွဲ့တွေက 'အကြမ်းမဖက်ရေး' အလံထူထားတဲ့ NLD လို လုပ်လို့မရဘူးလို့ စဉ်းစားတယ်။

### 'ကိုယ့်ကိုယ်ကိုသာ အားကိုးရာ၏'
### 'ကိုယ့်အကျိုး စီးပွားကို ဘယ်သူမှ ဝင်လုပ်ပေးမှာ မဟုတ်၊ လူထု ကသာ အဆုံးအဖြတ်ပေးမယ့်ပွဲ'

ညီလာခံပျက်အောင် (သို့မဟုတ်) ရပ်သွားအောင် လုပ်နိုင်တာက (တစ်) လူထုနဲ့ (နှစ်) NLD ဖြစ်တယ်။ 'ငြိမ်း' တွေ မလုပ်နိုင်ဘူး။ အဲဒီလိုပဲ ပြည်ပရောက် အင်အားစုတွေလည်း မလုပ်နိုင်ဘူး။ အင်အားကြီးနိုင်ငံတွေ မလုပ်နိုင်ဘူး။ အိမ်နီးချင်းနိုင်ငံတွေလည်း မလုပ်နိုင်ဘူး။ ASEAN တွေက အလွန်ဆုံး NLD ကို NC ထဲ ရောက်အောင် လုပ်ပါလို့ တိုက်တွန်းတာပဲ လုပ်နိုင်တယ်။

အခုဆိုရင် ဗိုလ်ခင်ညွန့်ကို ဖိတ်ခေါ် နေပြီ။ သန်းရွှေခွင့်ပြုမှ သူလည်းသွားနိုင်မှာပဲ။ ရာဇာလီ ဗမာပြည်ထဲလာဖို့ သန်းရွှေ သဘောတူမှ လာနိုင်သလိုပဲ။

ပါတီကတော့ ပြည်ပဖိအားကို အဓိက မထားပါဘူး။ လူထုနဲ့ NLD အပေါ်မှာပဲ အားထားပါတယ်။

၃။ NLD ဟာ သူကောင်းတယ်ထင်တာ သူလုပ်

မှာပါ။ ဒါကြောင့် မိမိတို့က ဝင်ပြီးမပြောပါဘူး။ ပါတီက လူထုကိုတော့ ပြောဖို့လိုတယ်။ လူထုကို ပြောတာက ပါတီထောင်ကတည်းက ၆၅ နှစ် လုပ်တဲ့အလုပ် ဖြစ်ပါတယ်။ အခုဆိုရင် လူထုဆီ ရောက်အောင်ပြောဖို့ ကျွန်တော်တို့က မီဒီယာ တွေကို အားကိုးရပါတယ်။ ပြည်တွင်းရောက်ဖို့ ပြည်ပမှာ ဖြန့်ရပါတယ်။ (ပြည်တွင်းလည်း ဖြန့်ပါ တယ်။ ဒါပေမဲ့ နှေးတယ်။ အန္တရာယ်များတယ်။) ဒါကြောင့် မီဒီယာကို အားကိုးရတာပါ။ သူတို့ကို ကျေးဇူးတင်ပါတယ်။ 'ညီလာခံ' နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြောချင်တာ ပြောပြီးသလောက် ဖြစ်ပါပြီ။ လက်တွေ့အလုပ်စခန်းဘက်ကို သွားနေ ပါပြီ။

တခုတော့ ဝန်ခံကတိပေးပါရစေ။ ပါတီ ဟာ ၁၉၈၉ က သေလောက်တဲ့ဒဏ်ရာ ရဖူး ပါတယ်။ ကမ္ဘာပေါ်မှာ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး လေရူးထနေချိန်နဲ့လည်း တိုးနေပါတယ်။ ဒါကြောင့် စိတ်သွားတိုင်း ကိုယ်မပါပါ။ ခါတိုင်းလိုလုပ်ဖို့ အကန့်အသတ်တွေ ရှိပါတယ်။

ဘယ်လိုပဲ အကန့်အသတ်တွေ ရှိပါစေ။ တာဝန်ကျေအောင် လုပ်ပါမယ်။ ခေတ်ပြိုင် ပါတီတွေက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လုပ်တာမှန်သမျှကို ကြိုဆိုအားပေးပါမယ်။ စစ်အာဏာရှင်စနစ်ကို (ကိုယ့်ထက်ပိုပြီး) မြန်မြန်ပြုတ်အောင် လုပ်နိုင်သူကို ဆရာတင်ဖို့ ဝန်လေးနေမှာ မဟုတ်ပါဘူး။

လူထုကြောက်သွားပြီလို့ ပြောတာကို လက်မခံပါ။ လူမျိုးစရိုက်အပေါ် ပုံချတာလည်း လက်မခံပါ။

မပြောမပြီးလို့ ပြောပါဦးမယ်။ ဗမာပြည် အကူးအပြောင်းမှာ နိုင်ငံတကာ့ အကူအညီ လိုပါ တယ်။ အကူအညီရဖို့ လုပ်တာမှန်သမျှ ကြိုဆို ပါတယ်။ ဒါပေမဲ့ လူထုကို လွှဲမှားတဲ့ မျှော်လင့်ချက် ပေးသလိုဖြစ်သွားမှာကို သတိပြု သင့်ပါတယ်။ 'ကိုယ့်ကိုယ်ကိုသာ အားကိုးရာ၏' 'ကိုယ့်အကျိုး စီးပွားကို ဘယ်သူမှ ဝင်လုပ်ပေးမှာ မဟုတ်၊ လူထု ကသာ အဆုံးအဖြတ်ပေးမယ့်ပွဲ' ဆိုတဲ့အတွေး အခေါ်ကို အားပေးရပါမယ်။ လူထုကို မှန်ကန်တဲ့ အတွေးအခေါ်ပေးကြဖို့ မေတ္တာရပ်ခံ ပါတယ်။

၂၃ - ၅ - ၂၀၀၄

**************************

# အခွင့်အလမ်းလော စိန်ခေါ်ချက်လော

(၁)

နိုင်ငံရေးစနစ် တည်ငြိမ်လျှင် အခွင့် အလမ်းဖြစ်မည်။ မတည်ငြိမ်လျှင် စိန်ခေါ်ချက် ဖြစ်မည်။ အခုတော့ အလားအလာ (၂) ခုစလုံး ပြိုင်တူရှိနေသည်။

အခွင့်အလမ်းဆိုတာ စီးပွားဖွံ့ဖြိုးဖို့ အခွင့်အလမ်းကို ဆိုလိုသည်။ တောင်အာရှနှင့် အရှေ့တောင်အာရှအပြင် အရှေ့အာရှ တစိတ်တပိုင်းနှင့်ပါ ဆက်သွယ်မည့် ကုန်စည်စီးဆင်းရာ လမ်းမကြီး ပေါ်တွင် ဗမာပြည်တည်ရှိနေသဖြင့် အခွင့်သာခြင်း ဖြစ်သည်။ သို့သော် နိုင်ငံရေးစနစ် တည်ငြိမ်ပြီး ထုတ်လုပ်ရေးကောင်းမှ ဖြစ်မည်။ ယနေ့ခေတ်က အကောက်ခွန်ကောက်စားသည့် ခေတ် မဟုတ်။ အကောက်ခွန်လွတ်စနစ် ဖြစ်သည်။ ထိုင်စားဖို့ကြံလျှင် ဒုက္ခရောက်မည်။ ဟိုတုန်းက စစ်လမ်းမကြီး ၂ ခု (အင်္ဂလိပ်ဖောက်သည့် တရုတ် ဗမာလမ်းမနှင့် အမေရိကန်ဖောက်သည့်လမ်း) ပေါ်က ဗမာပြည် စစ်နင်းခံရသလို ယခုခေတ် စီးပွားရေးလမ်းမကြီးပေါ်က ဗမာပြည် စီးပွားရေးနင်းခံရတာပဲ အဖတ်တင် လိမ့်မည်။

(၂)

နိုင်ငံရေးစနစ်တည်ငြိမ်ဖို့ သော့ချက်မှာ ၂ ပွင့်ဆိုင် ၃ ပွင့်ဆိုင် ဆွေးနွေးဖို့ဖြစ်သည်။ တခြားလမ်း မရှိ။ ဆွေးနွေးရေးကို ပုံစံတမျိုးမျိုးနှင့် လုပ်ရလိမ့်မည်။ အချိန်မနှောင်းသေးပါ။

လက်ရှိ **NLD** ခေါင်းဆောင်များသည် **DASSK** ကလွဲလျှင် ဝါရင့်နိုင်ငံရေးသမားကြီးများ ဖြစ်သည်။ အများစုက **SPDC** ထိပ်သီး ၃ ဦး၏အထက်မှ တပ်မှူးကြီးများ ဖြစ်ဖူးသည်။ ဗိုလ်မှူးချုပ်ဟောင်းအောင်ရွှေကိုတော့ ဗိုလ်သန်းရွှေ တဦးပဲ မီလိုက်သည်ထင်သည်။ လာမည့် ၅ နှစ်၊ ၁၀ နှစ်ဆိုလျှင် ဝါရင့်တွေအားလုံးလောက် ကွယ်လွန် ကြတော့မည်။

**NLD** မျိုးဆက်သစ်နှင့် **SPDC** မျိုးဆက်သစ်ကို ရင်ဆိုင်ပေးထားခဲ့ကြလျှင် မိုက်မဲရာ ကျမည်။ မျိုးဆက်သစ်များခေတ်တွင် အတိုက် အခံကနေ ရန်ဘက်ဖြစ်သွားဖို့ လွယ်လှသည်။ ရန်ဘက်ဖြစ်ပြီးလျှင် မိတ်ဖက်ဖြစ်ဖို့ ခက်သည်။ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်ရေးဆိုတာ ပြောတော့သာ လွယ်သည်။ လုပ်လျှင် ခက်သည်။ ၁၉၄၈ က ပြည်ထဲရေးဝန်ကြီး အမိန့်တခုဖြင့် ယခုထိ မပြီးနိုင်သည့် ပြည်တွင်းစစ် ဖြစ်ခဲ့ပြီ။

**NLD** မျိုးဆက်သစ်နှင့် **SPDC** မျိုးဆက်သစ် ရန်ပွဲဖြစ်လျှင် မပြီးသေးသည့် ပြည်တွင်းစစ်မီး ထတောက်မည်။ အတိုက်အခံဖြင့် စပြီး ရန်ဘက်အဖြစ် ဆုံးကြလျှင် အခွင့်အလမ်းက စိန်ခေါ်ချက်အဖြစ် ပြောင်းသွားမှာ သေချာသည်။

(၃)

စိန်ခေါ်ချက်ဆိုတာ နိုင်ငံရေး မတည်ငြိမ်မှုကို ဆိုလိုသည်။ နယ်မြေတည်တံ့ ပြည်စုံမှုကို စိန်ခေါ်ခံရမည်။ ယခုပင်လျှင် ဗမာပြည် လွတ်မြောက်ရေးရိန်းဂျား၊ ဝင်းဂိတ်ခြသေ့်တပ် စတာတွေ ကြားနေရပြီ။ စစ်အာဏာရှင် စနစ်အောက်က လွတ်ဖို့ဆိုလျှင် သူရဲတစ္ဆေနှင့် တွဲရဦးတော့ တွဲချင်သည့်လူတွေ တပြည်လုံးအနှံ့ ရှိနေသည်။

(၄)

**NLD** ကို 'ညောင် ၂ ပင်' စခန်းသို့ အရောက်ခေါ်နိုင်ရုံဖြင့် ပြဿနာပြေလည်မည် မဟုတ်။ ဆွေးနွေးမှ အပေးအယူလုပ်စေ့စပ်မှ ပြေလည်မည်။ အခွင့်အလမ်း ဖြစ်စေမည်လော – စိန်ခေါ်ချက် အဖြစ်ခံမည်လော စစ်အာဏာပိုင်များ စဉ်းစားစေချင်သည်။ ။

# အာဏာပြဿနာမရှင်းရင် ဘာမှဖြစ်လာမှာ မဟုတ်

၁။ 'ရင်ကြားစေ့ရေး'၊ 'စေ့စပ်ဆွေးနွေးရေး'၊ 'အမျိုးသားညီလာခံ တက်ရေး'၊ ဘယ်လို ဝေါဟာရပဲ သုံးသုံး၊ အဲဒါတွေ အားလုံး 'အာဏာ ပြဿနာ'ဘယ်လိုဖြေရှင်းမလဲ၊ စစ်တပ်ကို ဘယ်သူ အမိန့်ပေးမလဲဆိုတာကို ပြောကြတာချည်း ဖြစ်သည်။

၂။ အာဏာတိုင်း၏ အခြေခံသည် လက်နက်ကိုင် တပ်ကို ဘယ်သူအမိန့်ပေးမလဲ၊ တရားဥပဒေကို ဘယ်သူချမှတ်မလဲ၊ အချုပ်တွေ ထောင်တွေကို ဘယ်သူ အုပ်ချုပ်မလဲ၊ မီဒီယာတွေကို ဘယ်သူ ကြိုးကိုင်မလဲဆိုတာ ဖြစ်သည်။

SPDC ပြောသည့် 'နံပါတ်(၆) အချက်' နဲ့ '၁၀၄ချက်မူ' ဆိုတာတွေက စစ်တပ်ကို ဘယ်သူ အမိန့်ပေးမလဲဆိုသည့် ကိစ္စကို သူတို့စိတ်ကြိုက် အဆိုပြုခြင်း ဖြစ်သည်။

NLD (ဦးလွင်) ပြောသည့် 'စစ်တပ်၏ အခန်း' ဆိုတာက NLD ၏ အကြိုက်ကို အဆိုပြုခြင်း ဖြစ်သည်။

အထက်ပါ အဆိုပြုချက် ၂ ခု ထိပ်တိုက်တွေ့ကြသည်။ CPB က NLD ၏ အဆိုပြုချက်ကို သဘောတူသည်။ ထိုအဆိုပြုချက် မျိုးကို CPB က အကြိမ်ကြိမ် တင်ပြခဲ့ဖူးသည်။

၃။ မျက်မှောက်အခြေအနေတွင် စစ်တပ်ကို SPDC က အမိန့်ပေးနိုင်သည်။ စစ်တပ်ကို အမိန့်ပေးနေနိုင်သေးသမျှ သူတို့ အလျှော့ပေးမည် မဟုတ်၊ တင်းခံလိမ့်မည်။ ထို့ကြောင့် စစ်တပ်ကို စစ်အုပ်စုက အမိန့်မပေးနိုင်အောင် လုပ်ဖို့လိုသည်။ ဘယ်လို လုပ်မလဲ။ ။ ၂ နည်း ရှိသည်။ တနည်း က လက်နက်ကိုင် တော်လှန်ရေးနည်းဖြစ်သည်။ နောက်တနည်းက တပ်မတော်ပြုပြင်ရေးနည်း ဖြစ်သည်။ မျက်မှောက်အခြေအနေတွင် ဒုတိယ နည်းကို လုပ်ဖို့ CPBက တင်ပြပါသည်။ အားလုံး ဝိုင်းလုပ်လျှင် အောင်မြင်နိုင်သည်ဟု မြင်သည်။

၄။ ဖိလစ်ပိုင် လူထုက တပ်မတော်ပြုပြင်ရေး အင်အားစုကို အားပေးချီးမြှောက်ခဲ့သဖြင့် တပ်မတော်ပြု ပြင်ရေးသမား ဗိုလ်ချုပ်ကြီးရားမို့စ် သမ္မတဖြစ်ခဲ့သည်။

အင်ဒိုနီးရှားတွင် တပ်မတော် ပြုပြင်ရေး ပါတီ ဖြစ်သွားသော 'ဂိုလ်ကာ ပါတီ'ကို လူထုက ချီးမြှောက်တာ တွေ့နေရသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် NUP ကို သတိပေးလိုသည်။ ရွေးကောက်ပွဲ ဆက်လုပ်လျှင် 'ဂိုလ်ကာပါတီ' လို ငါတို့လဲဖြစ်နိုင်တာပဲဟု စိတ်ကူးမယဉ်ပါနှင့်။ နေဝင်း ပြုတ်ကျရေးတွင် သင်တို့အခန်း နှမ်းတစေ့မျှ မပါခဲ့ပါ။ ဆူဟာတို ပြုတ်ကျရေးတွင်ကား ဂိုလ်ကာ ပါတီ တနည်းတဖုံ ပါခဲ့သည်ကို သတိပြုပါ။

၅။ 'တပ်မတော် ပြုပြင်ရေး 'လုပ်ငန်းသည် ဗမာပြည် တွင်လဲ အောင်မြင်နိုင်သည်။ ဦးလွင် ပြောသည့် "တပ်မှူးက နောက်လှည့်ဆို လှည့်ရတယ်၊ မလှည့် ရင် ခုံရုံးတက်ပေတော့" ဆိုတာ တစိတ်တပိုင်း သာ မှန်သည်။ အမိန့်ကို နာခံရသော်လဲ စိတ်ဓာတ် က မနာခံခဲ့ကြပါ။ မျက်မှောက်ခေတ် အတိုက်အခံ နိုင်ငံရေးလောကတွင်၊ တွင်ကျယ်နေသူများမှာ တပ်မှူးကြီးဟောင်းများ ဖြစ်နေတာက သက်သေ ဖြစ်သည်။

အခါအခွင့်သင့်လျှင် တပ်မတော် ပြုပြင် ရေး အင်အားစု ပေါ်နိုင်ပါသည်။

"၁၉၈၈ ကတောင် မပေါ်ခဲ့တာ ၊ အခု ပေါ်ဖို့ မလွယ်" ဟု အချို့က ပြောကြသည်။ CPB ကတော့ ၁၉၈၈ ကထက် ပေါ်ဖို့လွယ်သည် ဟု မြင်သည်။

အကြောင်းမှာ ၁၉၈၈ က အခြေအနေ နှင့် မတူသောကြောင့် ဖြစ်သည်။ ထိုစဉ်က ပြည်တွင်းစစ် ဖြစ်နေသည်။ "ဗမာပြည် ကွန်မြူနစ် ပါတီ၏ နိုင်ငံတော်အာဏာ သိမ်းပိုက်ရေး လှုပ်ရှားမှု" ဟုပြောပြီး တပ်မတော်ကို လှည့်ဖြား နိုင်သည်။

ယခု ထိုသို့ မလှည့်ဖြားနိုင်ပါ။ NLD သည် ၁၉၉၀ ရွေးကောက်ပွဲနိုင်ထားသည့် ပါတီ

**စစ်တပ်ကို စစ်အုပ်စုက အမိန့်မပေးနိုင်အောင် လုပ်ဖို့လိုသည်**

ဖြစ်သည်။ NLD ကို ဖြတ်လမ်းက အာဏာသိမ်းဖို့ ကြံသည် ဟုလဲ မပြောနိုင်ပါ။

အရှည်ဆုံးလမ်း၊ ၁၄နှစ်မြောက်ခဲ့ပြီ ဖြစ်သည့်လမ်းကို လိုက်နေသည်။ အကြမ်းမဖက် ရေး လမ်းကိုလဲ စိုက်လိုက်မတ်တတ် လုပ်နေသည်။

ထို့ကြောင့် တပ်မတော် ပြုပြင်ရေး အင်အားစု တပ်တွင်းတွင် ပေါ်နိုင်သည်။ ပေါ်အောင် လုပ်နိုင်မှုလဲ သွေးထွက်သံယို မရှိသည့် အာဏာ လွှဲပြောင်းရေး လုပ်နိုင်မည် ဖြစ်ပါသည်။ ။

## ‘ကျီးရှာ စိတ်ဓာတ်’ ဆိုတာ ဘာလဲ

၁။ မကြောက်တရား ဖြစ်သည်။ မတရားတာ ငုံ့ မခံသည့်စိတ်ဓာတ် ဖြစ်သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ ရှုံးနိမ့်စဉ်ကလည်း ဤစိတ်ဓာတ်ကို သွတ်သွင်း ပေးခဲ့ရဖူးသည်။

အလိုတော်ရိတွေက "မတူလျှင်မတုနဲ့"ဟု ပြောသည်။ ပျော့ညံ့သွားသည့် အရေးတော်ပုံအင်အားတချို့ကလဲ "အုတ်နံရံ ခေါင်းနဲ့ဆောင့်လျှင် မိုက်တာပဲ" ဟုဆိုသည်။ အတွေးအခေါ် (စိတ်ဓာတ်) ၂ ခုစလုံးက အရှုံးပေးရေး စိတ်ဓာတ်ကလာတာ ဖြစ်သည်။ အလိုတော်ရိတွေက ကျွန်စိတ်၊ ပျော့ညံ့သူက အလျှော့ပေးသည့်စိတ် ၊ ဒါပဲ ကွာခြားသည်။ အုပ်စိုးသူများက ထို စိတ်ဓာတ်ကို သိပ်ကြိုက် သိပ်အားပေးသည်။

အရေးတော်ပုံတပ်သားတချို့က အရှုံးမပေးလိုကြ။ ဒီအခါ မနိုင်ရင် နောက်တခါ နိုင်ရမည်ဟု သဘောထားသည်။ စာရေးဆရာ မဟာဆွေက "နေသူရိန်၏ မကြောက်တရား "စာအုပ်ရေးပြီး အရှုံး မပေးရေး အင်အားစုကို အားပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်မီး ဗမာပြည်သို့ကူးသောအခါ၊ အခါ အခွင့်ကောင်းပေါ်သည်။ အရှုံးမပေးရေးသမားများက တပ်မတော် ဖွဲ့ကြသည်။ ဤကား သမိုင်းဖြစ်သည်။

၂။ ၁၉၈၈(ရှစ်လေးလုံး) လူထုအရေးတော်ပုံကြီး ရှုံးနိမ့်သည်။သို့သော် ၁၃၀၀ ပြည့် ရှုံးစဉ်တုန်းကလိုပင် တော်လှန်ရေး ပါတီသစ်များ၊ အဖွဲ့ အစည်းသစ်များ ပေါ်လာသည်။ **NLD** ပါတီ ပင်လျှင် ၈၈ အုံကြွမှု၏ အသီးအပွင့် ဖြစ်သည်။

မကြောက်တရားကို ဟိုတုန်းကလိုပင် သွင်းပေးနေရသည်။ ရစဖဲ့၏ လွတ်လပ်ရေးတရား လေးပါးထဲမှ နောက်ဆုံးအချက် ‘ကြောက်ရွံ့နေရသည့်ဘဝမှ လွတ်လပ်ရေး’ ကိုယူကာ ဒေါ်အောင်ဆန်းစုကြည်က ပြောဟောခြင်းသည်လဲ မကြောက်တရား သွင်းပေးနေခြင်း ဖြစ်သည်။

ကျီးရှာလူထုက ထိုမကြောက်တရားကို လက်တွေ့ ဆောင်ရွက်ခြင်း ဖြစ်သည်။ ‘မတရားတာ လုပ်ရင် ထိုင်ကြည့်မနေ’ ဟူ၍တဆင့်မြှင့်ခြင်း ဖြစ်၏။

ဒါကို ‘ကျီးရှာစိတ်ဓာတ်’ ဟု ကျွန်တော်တို့ သတ်မှတ်ပါသည်။

## ဆန္ဒနဲ့ပကတိ မဟပ်မိတဲ့ သန်းရွှေရဲ့ တပ်မတော်နေ့မိန့်ခွန်း

၂၈၊ ၃၊ ၂၀၀၄ ထုတ် မြန်မာ့အလင်းသတင်းစာမှာ သူ့မိန့်ခွန်းကို တွေ့ရတယ်။ သတင်းစာ စာမျက်နှာ ၃ မျက်နှာအပြည့် ဖော်ပြထားပေမယ့် မိန့်ခွန်းက တိုတိုပါ။ စာမျက်နှာ တဝက်စာပဲ ရှိပါမယ်။ စာလုံးကြီးကြီး၊ ခေါင်းစည်းရှည်ရှည် ဓာတ်ပုံတွေ ဗရပွထည့်ထားလို့ စာမျက်နှာ ဖြ ဆ လောက် ပိုကုန်သွားပါတယ်။ ၁။ ပထမဆုံး သူပြောချင်တာက ‘ဖက်ဆစ်တော်လှန်ရေးနေ့’ ကို ‘တပ်မတော်’ နေ့ ပြောင်းရတဲ့အကြောင်း ထုချေချက်ပါ။ "တပ်မတော်နေ့" အသုံးအနှုန်းနဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပက ပြစ်တင်ရှုတ်ချသံတွေ ကြားရပြီး သန်းရွှေတုန်လှုပ်နေပုံပေါ်တယ်။ ဒါကြောင့် ချက်ချင်းထုချေချက် သွင်းတယ်။ ထုချေလိုက်မှပဲ ဖွပ်သထက် ညစ်သွားပါတော့တယ်။

**ဝေဖန်ချက်**

"တပ်မတော်ဟာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ သူတပါး သြဇာခံ ဘဝက အမျိုးသား တပ်မတော် ဘဝ ကို ကူးပြောင်း ခဲ့တယ်။" ဆိုတဲ့ ထုချေချက် ဟာ ငါ့စကား နွားရ ပြော တာမှန်း ထင်ရှား လှတယ်။ အဲဒါ တကယ်ဟုတ်ရဲ့လား။

ကန္ဒီစာချုပ် (၁၉၄၅ ခု – စက်တင်ဘာ) အရ အင်္ဂလိပ်ရဲ့ကိုလိုနီစစ်တပ်အဖြစ် ပြောင်းသွားတာကို သန်းရွှေမေ့နေသလား။

လွတ်လပ်ရေးပေးရတော့မယ့်ဆဲဆဲ ၁၉၄၇ – သြဂုတ်လ ၂၉ ရက်နေ့စွဲနဲ့ လက်မှတ်ထိုးခဲ့ကြရတဲ့ လက်ျာ – ဖရီးမင်းစာချုပ်နဲ့ စစ်ရေးအရ အချုပ်နှောင်ခံရတာကော သန်းရွှေသိရဲ့လား။ ဒီအထဲမှာ

– ကြည်း/ရေ/လေ – ဗြိတိသျှစစ်မစ်ရှင် ၃ နှစ် ထားခွင့်ပြုရခြင်း။ ဗြိတိသျှနဲ့ မဟာမိတ်ဓနသဟာယနိုင်ငံတွေမှအပ အခြားနိုင်ငံမှ စစ်မစ်ရှင်များ မထားရ။

– မင်္ဂလာဒုံ၊ မြိတ်၊ စစ်တွေလေယာဉ်ကွင်းတွေ ဗြိတိသျှဘက်က ဆောက်လုပ်ပေးမယ်။ သည့်အတွက် သူတို့ကို အသုံးပြုခွင့် ပေးရမယ်။

– ၂ နိုင်ငံ စစ်သင်္ဘောတွေ၊ လေယာဉ်တွေ ဆိုက်ကပ်ခွင့်၊ ဆင်းသက်ခွင့် အပြန်အလှန်ပေးရတာလည်း ပါတယ်။

အကျိုးဆက်တွေ ကြည့်လိုက်တော့ – အင်္ဂလိပ်မှာက ရေတပ်ကြီး၊ လေတပ်ကြီးရှိတယ်။ ၂ နိုင်ငံကြားမှာ နားစရာ၊ ဆီဖြည့်စရာ သူ့ကိုလိုနီနိုင်ငံတွေရှိတယ်။ ဗမာမှာက အင်္ဂလန်ဆိပ်ကမ်းအရောက်သွားနိုင်တဲ့ စစ်သင်္ဘောမရှိ။ အင်္ဂလိပ်ပေးထားတဲ့ ‘မေယု’ စစ်သင်္ဘောလေးပဲ ရှိတယ်။ လေတပ်ထဲမှာလဲ အင်္ဂလန်လေဆိပ်ရောက်အောင် ပျံနိုင်တဲ့လေယာဉ် မရှိဘူး။

ပြောဖို့ လိုပြန်တာက ဒီအချိန်မှာ အင်္ဂလိပ်အနေနဲ့ မလေးကျွန်းဆွယ်နဲ့ အင်ဒိုနီးရှားကို ဖိနှိပ်ဖို့ ဗမာပြည်ရဲ့ ရေဆိပ်နဲ့ လေဆိပ်ကို သုံးချင်နေတယ်။ နောက်တခုက ဗြိတိသျှဓနသဟာယက ထွက်လို့ရပေမယ့်

**စာမျက်နှာ ၁၁ သို့**

စာမျက်နှာ ၁၀ မှ

ဝါ့စစ်ရေးအောက်က မင်းရှန်းထွက်လို့ မရပါဘူးဆိုတာ အင်္ဂလိပ်က ပြလိုက်တာလဲ ဖြစ်တယ်။

ဒါကြောင့် အန္ဒိယသတင်းစာ တစောင်မှာ "မြန်မာပြည်သည် ဗြိတိသျှအင်ပိုင်ယာ ကာကွယ်ရေးစနစ်၌ အကျုံးဝင်သည်" လို့ ရေးခဲ့ခြင်းပါ။

လွတ်လပ်ရေးရပြီး မကြာလိုက်ပါဘူး ပြည်တွင်းစစ်အတွင်း လက်နက်နဲ့ ဖြည့်ကျည် မရှိတော့လို့ (ဦး) ကျော်ငြိမ်း ဗျာများရတာ – အင်္ဂလိပ်ကလဲ မရောင်း၊ အမေရိကန်ကလဲ မရောင်း၊ နေရူးသာ မကယ်ရင် ဒုက္ခရောက်ရမယ့်အခြေအနေ ရောက်ခဲ့တာတွေ – သန်းရွှေ မသိရော့သလား။ သိလျက်နဲ့ ကျော်လွှားပစ်လိုက်တာလား။

၂။ မတ်လ ၂၇ ရက် ဖက်ဆစ်တော်လှန်ရေးရဲ့ တခုတည်းသော အားသာချက်က "အမျိုးသားညီညွတ်ရေး" ပဲ။ အဲဒါကိုတော့ လုံးဝ ရှောင်ထားတယ်။

"အမျိုးသားညီညွတ်ရေး" ပျက်တဲ့နေ့ဟာ ပြည်တွင်းစစ် ဖြစ်တဲ့နေ့ပဲ။ ဘယ်လိုမှ အဖတ်ဆယ်မရဘဲ ညီညွတ်ရေးပျက်လာတာ ဖြစ်တယ်။ ကွန်မြူနစ်နဲ့ ပျက်တယ်။ ပြည်သူ့ရဲဘော်နဲ့ ပျက်တယ်။ ကရင် ...... စတာတွေနဲ့ ပျက်တယ်။ နောက်ဆုံးတော့ ဖဆပလ ၂ ခြမ်းနဲ့ ပျက်တယ်။ သူတို့စစ်အုပ်စု အဟောင်းနဲ့ အသစ် ပျက်တယ်။ အခုတော့ NLD အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲနိုင် ပါတီတွေအားလုံးနဲ့ ပျက်တယ်။ အမျိုးသားညီညွတ်ရေးဟာ ရစရာမရှိအောင် ပျက်နေပါပြီ။

ဒါပေမဲ့ သန်းရွှေက "အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကို ဦးစွာပထမ အားထုတ်လုပ်ကိုင်ခဲ့တယ်" လို့ ညာပြန်တယ်။

အခု မေလ ၁၇ ရက်မှာ ကျင်းပလိုက်တဲ့ အမျိုးသားညီလာခံ ဆိုတာကြီးက ဒါကို ပျက်ရယ်ပြုနေပါပြီ။

၃။ သန်းရွှေက အောင်မြင်မှုတွေကို တန်းစီပြပြန်တယ်။ နယ်စပ်ဒေသများပါ မကျန် အေးချမ်းသာယာလာခဲ့တယ် – လို့ အစချီတယ်။

– အားလုံး လက်နက်ကိုယ်စီကိုင်ထားတဲ့ အေးချမ်းသာယာရေး
– ဒီလက်နက်တွေကို ဘယ်လိုဖြုတ်ရမလဲလို့ခေါင်းခဲနေရတဲ့ အေးချမ်းသာယာရေး
– လက်နက်တသိန်းရှိထားလို့ ချော့နေရပါတယ်လို့ ပြောနေရတဲ့ အေးချမ်းသာယာရေး

တတိုင်းပြည်လုံးက စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ချွတ်ခြုံကျနေပါပြီလို့ ပြောနေချိန်မှာ ဖွံ့ဖြိုးနေပါတယ်လို့ ပြောင်လိမ်နေတာဟာ အရှက်မရှိလို့ ပြောတာပဲလို့ သတ်မှတ်ရုံကလွဲလို့–

အဲဒီ သန်းရွှေမိန့်ခွန်းကြီးကို အိမ်သာသုံးစက္ကူလောက်တောင် မကောင်းတဲ့၊ ကိုင်ရင်တောင် လက်သနတဲ့ စက္ကူပေါ်မှာ ကဘောက်တိ ကဘောက်ချာ မညီမညာစာကြောင်းများနဲ့ မှုန်ဝါးဝါး စာရိုက်ထားတဲ့ နိုင်ငံတော်ပိုင်သတင်းစာကိုဖတ်ပြီး ဝေဖန်လိုက်ရကြောင်းပါ။

# သတင်းနဲ့ မှတ်ချက်

## အာရှလမ်းမကြီး

အာရှလမ်းမကြီးဆိုတဲ့အသံတွေ ကြားနေရတယ်။ ASEAN အပေါင်း ၃။ ASEAN အပေါင်း ၁ ဆိုတာကရော၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့ကပါ စိတ်ဝင်စားကြသည်။

အခုကတည်းက မူဆယ်၊ လားရှိုး၊ မန္တလေးလမ်း (ရှိပြီး) တမူး၊ ကလေး၊ မုံရွာလား ? ပခုက္ကူလား၊ တခုခု။ (နအဖ က မုံရွာကို ၁၉၈၈ ကတည်းက အာဃာတရှိတယ်။ ပခုက္ကူကို ပစားပေးတယ်။)

မြဝတီ၊ ဘားအံ၊ မော်လမြိုင်လမ်း လမ်းကြီးလမ်းကောင်းတွေ ဖောက်နေတယ်။ ဘင်္ဂလားဒ့ရှ်ကတောင် သူ့ကိုဘေးဖယ်ထားမှာ စိုးလို့ ထင်တယ် လမ်းဖောက်ချင်နေတယ်။

ဗမာပြည်ကတော့ ဘယ်သူမှ ဘေးဖယ်ချင်လို့ မရဘူး။ လှည်းပုံတောင်းလို လမ်းမကြီးတွေ ဆုံမယ့်နေရာပဲ။

အာရှစုစည်းရေးက အာရှလမ်းမကြီး၊ အာရှဈေးကွက်ကြီးရှိမှ ဖြစ်တာမို့ လမ်းကိစ္စက အရေးပါနေတာပါ။

ဒါပေမဲ့ လမ်းမကြီးတွေ ရက်ကန်းရှယ်သလို ဖြစ်နေတဲ့ EU ဟာ ဈေးကွက်ကြီး ဖော်ဆောင်နိုင်ပေမယ့် တဆင့်တက်ပြီး USE လုပ်လို့မရဘူး။ (အင်္ဂလိပ်ကိုလိုနီတွေစုပြီး USA ထောင်သလို မလွယ်ဘူး)

အာရှကတော့ EU လို (အာရှသမဂ္ဂ) AU ဖြစ်ဖို့ လမ်းမကြီးက စရတာပဲ။ အမေရိကန်ကတော့ EU က ခွာရာတိုင်းတာ အာရှလမ်းမကြီး ဖောက်တာကို မကြိုက်ဘူး။ သူ့ရဲ့ ကမ္ဘာကို တဦးတည်းစိုးမိုးရေး ပျက်မှာစိုးလို့။

ဗမာပြည်ထဲ လမ်းမကြီးဖောက်ဖို့က နိုင်ငံရေးစနစ်တည်ငြိမ်မှ၊ SPDC နဲ့ NLD ရင်ကြားစေ့မှ ဖြစ်မှာမို့ NLD ကို NC တက်ဖို့ ဘေးတီးပေးတယ်။ SPDC ကိုလည်း NLD ပါနိုင်အောင် လုပ်စေချင်တယ်။ ဒါပေမဲ့ SPDC ကို အကျပ်မကိုင်ဝံ့ဘူး။ တကယ့်အာဏာပိုင်က သူဖြစ်နေတယ်။ လမ်းမကြီးဖောက်ချင်ရင် သူ့ကို ကပ်ရမှာ။ ဒီတော့ NLD ကို NC တက်ဖို့ ဘေးတီးတာက အဓိကလို ဖြစ်သွားတော့တာပဲ။

သမုဒ္ဒရာခြားနေတဲ့ အမေရိကန်ကတော့ ခွာရာတိုင်းမယ့်အားတခု တိုးမလာစေချင်ဘူး။ လမ်းမကြီး မပေါ်စေချင်ဘူး။ NLD က NC ကို သပိတ် မှောက်စေချင်တယ်။

ကွန်မြူနစ်တွေ စိုးရိမ်တာကတော့ NLD ကို NC သပိတ် မမှောက်ရကောင်းလားဆိုပြီး အချင်းချင်း သွေးကွဲစေတဲ့ ရန်စကား ပြောမှာကိုပဲ။

ကွန်မြူနစ်ပါတီက ယူဂျီပါတီ။ ပြည်ပရောက်တွေနဲ့ ယူဂျီပေါင်းပြီး NC သပိတ်မှောက်နေလို့ကတော့ SPDC က မဖြိုဘူး။ NLD ကို ရန်စကား ပြောတာကို ကြိုက်လိမ့်မယ်။ မြှောက်လဲပေးလိမ့်မယ်။

## ရှုရွန်ကို ဘုရှ်က ထောက်ခံသတဲ့

– အစ္စရေးလ်ဝန်ကြီးချုပ်ရှုရွန်ရဲ့ စီမံကိန်းကို ဘုရှ်ကထောက်ခံသတဲ့။ ရွေးကောက်ပွဲနှစ်ဖြစ်လို့ ‘ဂျူးမဲ’ တွေရဖို့လုပ်တာ ဖြစ်မယ်။ ဒီလိုနဲ့ ၄ ပွင့်ဆိုင် (UN - EU - ရုရှား – USA) ရဲ့ (လမ်းပြမြေပုံ) စက္ကူစုတ်ဖြစ်သွားတော့မှာလား။

သန်းရွှေက ဘုရှ်ရဲ့လုပ်နည်း အတုခိုးနေတာ ထင်ရှားတယ်။ ပထမ ငါတကောကောကြည့်၊ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားရင် နည်းနည်းလျှော့ပေး ချင်ဟန်ဆောင်တဲ့နည်းကို ပြောတာဖြစ်တယ်။ ဒီပဲယင်းပြီးတော့ အမျိုးသားညီလာခံဖဲချပ်၊ လမ်းပြမြေပုံဖဲချပ် ထုတ်ကစားတယ်။ NLD ကို ‘ညောင် ၂ ပင်’ စခန်းရောက်အောင် လုပ်နေတယ်။ လှုပ်လှုပ်ရှားရှားဖြစ်တာ ရပ်သွားရင် တဆင့်တက် ငါတကော ကောလိမ့်ဦးမယ်။

ရွေးကောက်ပွဲမှာ ဘုရှ်နိုင်ရင် (ဟိုတခါလို မဟုတ်ဘဲနိုင်ရင်) ပွဲကြမ်းလိမ့်မယ်။ ငါတကောကောတာ ကြမ်းလာမယ်။ အီရတ်ပတ်ဝန်းကျင်နိုင်ငံတွေ သတိထားကြပေရော့။ ။

## ဝင်းဂိတ် နှစ် ၆၀

ဝင်းဂိတ် နှစ် ၆၀ ပြည့် အမေရိကန်မှာ လုပ်တယ်တဲ့။ ဘာသဘောလဲ။ ဖရီးဘားမားရိန်းဂျား လုပ်နေရုံနဲ့ မပြီးလို့ ခြင်္သေ့ (Chindits) တပ်ဖွဲ့ချင်ပြန်တာလား။ ။

## ဥရောပပြည်ထောင်စု

ဥရောပပြည်ထောင်စု<United States of Europe (USE)>သို့ တက်ရန် EU အတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းတင်တာ မအောင်မမြင် ဖြစ်သွားသည်။ အမေရိကန်၏ အင်အားကို ယှဉ်ဖို့ဆိုလျှင် ဥရောပတတိုက်လုံး စုစည်းရမည်။ ထိုသို့ မယှဉ်နိုင်လျှင် ဝင်ရိုးအများရှိသည့် ကမ္ဘာ့စနစ် <Multi Polar World Order > မဖြစ်နိုင်။ အမေရိကန် ဗိုလ်ကျသည့် ကမ္ဘာ့စနစ်သာ ဖြစ်မည်။

USE ဖြစ်ဖို့က ၁၈ ရာစုနှစ်က USA လို စုစည်းရ မလွယ်။USAက အင်္ဂလိပ် ကိုလိုနီတွေကို စုစည်းရခြင်း ဖြစ်သည်။ ယခု USE က နယ်ချဲ့နိုင်ငံဟောင်းတွေကို စုစည်းရခြင်း ဖြစ်သည်။ အားလုံး၏နဖူးတွင် အမာရွတ်ကိုယ်စီ ရှိနေသည်။ သို့သော် ကမ္ဘာတွင် တွင်ကျယ်ဖို့ဆိုလျှင် မဖြစ် ဖြစ်အောင် ဆက်ကြိုးစားကြမည့်ပုံ ရှိသည်။

မိမိတို့၏အာရှမှာ ပြည်ထောင်စု <US.Asia> ဖြစ်ဖို့ကတော့ ဝေးသေးသည်။ အခုမှ အာရှ လမ်းမကြီးဖောက်ဖို့ ပြင်ဆဲ ရှိသည်။ နအဖ အကဲရောက် ကမ်းတက်နေခြင်းသည် အာရှလမ်းမကြီး ဖောက်လျှင် ဗမာပြည်ကို ဘယ်လိုမှ ဖယ်ထား၍ မရသဖြင့် ဖြစ်သည်။ ။

## စပိန် ဝန်ကြီးချုပ်သစ် ဇပါတဲရို (Zapatero) အကြောင်း

* ဘုရှ် ရဲ့ ရှိစုမဲ့စု ညွန့်ပေါင်းထဲက ဖဲ့ထွက်ပြီး စပိန်တပ်တွေ အီရတ်က ပြန်ရုပ်တော့မယ်။ အဲဒီလို ဆုံးဖြတ်သူက စပိန်ဝန်ကြီးချုပ်သစ် ‘ဇပါတဲရိုး’ ဖြစ်တယ်။ အသက် ၄၃ နှစ်ပဲ ရှိသေးတယ်။ သူ့ကို သူ့ပါတီ(ဆိုရှယ်လစ်ပါတီ) ခေါင်းဆောင်တချို့က သိပ်အေးအေးဆေးဆေး နေလွန်းလို့ ထုံထိုင်းနေသူလို့ သတ်မှတ်ကြတယ်။ မထင်မှတ်ဘဲ ရွေးကောက်ပွဲ နိုင်တဲ့သတင်း ကြားတော့တောင် လှုပ်လှုပ်ရှားရှား မဖြစ်ဘူးလို့ ဆိုတယ်။

သူ နိုင်ငံရေး စိတ်ဝင်စားတာ ၁၆ နှစ်သား ကတည်းက။ သူ့အဖေက သူ့ အဖိုးရဲ့ သေတမ်းစာ ဖတ်ပြချိန်က စတယ်။သူ့အဖိုးက စပိန် ပြည်တွင်းစစ်တုန်းက ဆိုရှယ်လစ် အစိုးရရဲ့ ဗိုလ်မှူးကြီး ဖြစ်တယ်။ ဖက်ဆစ် သူပုန်တွေက ၁၉၃၆ ခုနှစ်မှာ ဖမ်းမိသွားပြီး၊သူဟာ သေနတ်ပစ် အဖွဲ့နဲ့ ကွပ်မျက်ခံရတယ်။ သေတမ်းစာကို ကွပ်မျက်မခံရမီကလေးမှာ ရေးသွားတာ။ သေတမ်းစာက ခပ်တိုတို။ “ငါ့မှာ အပြစ် မရှိ။ ငါခွင့် လွှတ်ခဲ့ပါတယ်။” လို့ ပါတယ်။

သေတမ်းစာ ကြားရပြီးကတည်းက နိုင်ငံရေးသမား ဖြစ်သွားတာပဲ။ ဆိုရှယ်လစ်ပါတီ ရဲ့ အထွေထွေအတွင်းရေးမှူး ဖြစ်တာက သက္ကရာဇ် ၂၀၀၀ မှာပဲ။

သူက ဥပဒေပညာနဲ့ ဘွဲ့ရတယ်။ ဥပဒေပညာ ဆရာခဏ လုပ်တယ်။ နောက်တော့ နိုင်ငံရေးဇောက်ချပြီး လုပ်တာပဲ။ သူ့ကို ဆိုရှယ်လစ်ဆိုတာထက် ဆိုရှယ်ဒီမိုကရက်လို့ သတ်မှတ်ချင်ကြတယ်။ ဘာပဲဖြစ်ဖြစ် ‘ဘုရှ် ’ရဲ့ ညွန့်ပေါင်းထဲက ပထမဆုံး ဖဲ့ထွက်သူဖြစ်လို့ သူ့အကြောင်း သိကောင်းစရာအဖြစ် ဖော်ပြလိုက်ပါတယ်။ ။

## ကလေးစစ်သားများ

ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ကလေးစစ်သား အများဆုံးတဲ့။ ကုလသမဂ္ဂကတောင် ပြောလာရပြီ။ မြန်မာနိုင်ငံအတွက် ကမ္ဘာ့ထိပ်တန်းအဆင့် နာမည်ပျက်တွေ စစ်အစိုးရအဆက်ဆက်က ရယူပေးလာခဲ့တာ မဆန်းတော့ပါဘူး။ မဆလ စစ်အစိုးရ ပြုတ်မကျခင်လေးတင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ အဖြစ် တရားဝင်ခံယူခဲ့တယ်။ ဒီနောက် နဝတ – နအဖ စစ်အစိုးရလက်ထက်မှာလဲ ရရှိတဲ့ ဒီလိုကမ္ဘာ့ထိပ်တန်းဘွဲ့တွေ မနည်းတော့ပါဘူး။ အစိုးရအဖွဲ့ ခြစားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ အဓမ္မလုပ်အား ခိုင်းစေမှု … … စတာစတာတွေ ဖြစ်ပါတယ်။

စာသင်ခန်းထဲမှာ ရှိနေရမယ့် ကလေးငယ်လေးတွေ အခုလို နေရာလွဲမှား ရောက်ရှိနေကြရတာဟာ အလွန်ဝမ်းနည်းစရာ ကောင်းသလို တိုင်းပြည်အတွက်လဲ ရင်လေးဖွယ်ရာပါပဲ။

ကျောင်းနဲ့ဆရာမလုံလောက်မှုအပြင် ပညာရေးအတွက်ကုန်ကျစရိတ်တွေကို စီးပွားရေးကျပ်တည်းကြတဲ့မိဘတွေဟာ မတတ်နိုင်ကြလို့ ကလေးအများအပြား ကျောင်းမနေနိုင်ကြရှာပါဘူး။ ကျောင်းမထား နိုင်ရုံမက စားဝတ်နေရေးပါ ခက်ကြတဲ့အတွက် ကလေးငယ်တွေဟာ ကိုယ့်ဝမ်း ကိုယ်ရှာ ကြရတယ်။ ရရာအလုပ်တွေ ဝင်လုပ်ကြရတယ်။ ဒါကြောင့် ဗမာပြည်အနှံ့အပြားက လုပ်ငန်းမျိုးစုံမှာ ကလေးလုပ်သားတွေ တွေ့နေရတာ ဖြစ်ပါတယ်။ ဒီလိုနဲ့ စစ်ထဲဝင်သူဝင် ဖြစ်လာရပါတယ်။ အဓမ္မ စုဆောင်းခံရတာလဲ မနည်းပါ။

ဖွတ်မိကျောင်းဖြစ်လို့ မြစ်မချမ်းသာ ဖြစ်ရတာပါပဲ။ ။

# ဖက်ဆစ်တော်လှန်ရေးမှ အညတြယူကျီများ ......

**ရဲဘော်အောင်မှီ** (စစ်ကိုင်း) ။ ။ ဂျပန်၏ စစ်ထောက်လှမ်းရေး ကင်ပေတိုင်တွင်း မြှုပ်ထားသည့် ယူကျီ။

အထက်ဗမာပြည်မှ မြေအောက်အဖွဲ့အစည်းများ ခေါင်းဆောင်များကို အကာအကွယ်ပေးနိုင်ခဲ့သည်။ နမူနာတခုအဖြစ် ဖော်ပြရလျှင် ဖဆပလ ဝန်ကြီး ဖြစ်သွားသော သခင်စံမြင့်၊ BDA ဗိုလ်ဘဝက ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ကာ ရူးကြောင်ကြောင်ဖြစ်ပြီး မြေအောက်ကွန်မြူနစ်ပါတီ အကြောင်းတွေ ကင်ပေတိုင်၌ လျှောက်ပြောနေသည်ကို သူက သတင်းပို့သဖြင့် အမြန်သွားပြီး ခေါ်ထုတ်ခဲ့ရသည်။ မြင်းလှည်းတွင် အလံပြာစိုက်ပြီး မြို့ထဲလှည့်နေသဖြင့် ဂျပန်က ဗိုလ်အတုလား၊ အစစ်လား သိချင်၍သာ စစ်ခြင်း ဖြစ်သည်။

(ထိုခေတ်က တပ်မတော်တွင် အလံပြာ၊ အလံနီ၊ အလံဝါဖြင့် ဗိုလ်အဆင့်အတန်းကို ခွဲခြားသည်။ ဗိုလ်ချုပ်များဆိုလျှင် သူတို့ကားခေါင်းတွင် အလံဝါစိုက်ထားသည်။ သခင်စံမြင့်က ဗိုလ်ဖြစ်သဖြင့် အလံပြာ စိုက်နိုင်သည်။ သို့သော် ကားတွင်သာ စိုက်လေ့ရှိသည်။ မည်သူမျှ မြင်းလှည်းတွင် အလံပြာ မစိုက်ပါ။)

'ဝမ်းအိုဝမ်း ဝင်းမောင်' လွတ်အောင် အစအဆုံး ကူညီနိုင်ခဲ့သည်။ မရေမတွက်နိုင်သော ကင်ပေတိုင် အကျဉ်းသားများကို ကူညီနိုင်ခဲ့သည်။

**သူ့စွမ်းရည်။** ။ ဂျပန်ထောက်လှမ်းရေး ဌာနမှူး (ဗမာနံမည် စံရှား၊ ဂျပန်နံမည် မမှတ်မိ) ၏ လူယုံဖြစ်အောင် တလျှောက်လုံး မြှုပ်နှံနေနိုင်ခဲ့သည်။ စစ်ကိုင်းကို ဖက်ဆစ်တော်လှန်ရေးတပ်က မဟာမိတ်များနှင့်အတူ သိမ်းခဲ့သည့်နေ့ကျမှ မြစ်ကူးပြီး ငှက် (သမ္ဗန်) ဖြင့် ထွက်ပြေးသည့် စံရှားက သူ့ကိုပဲ အားကိုးပြီး ခေါ်သွားသည်။ ရဲဘော်အောင်မှီက ပါတီ၏ ယူကျီတဦး ဖြစ်သည့် ငှက်သမားကို ခေါ်ကာ မြစ်ကို ဖြတ်ကူးကြသည်။ မြစ်လယ်ရောက်မှ စံရှားကိုသတ်ပြီး မြစ်ထဲမျှောလိုက်ကာ ပါတီသို့ ပြန်လာခဲ့သည်။

**သူ့နိဂုံး။** ။ ပြည်တွင်းစစ် အစပိုင်းတွင် မြို့တွင်းယူကျီ လုပ်ရင်း ရန်သူနှင့် တိုးမိ။ တိုက်ပွဲဖြစ်။ ကျဆုံးသည်။

**ရဲဘော်မြင့်ဆွေ** (မြစ်ခြေ)။ ။ ဂျပန်၏ အင်ဖားစစ်မြေပြင် ထောက်ပံ့ရေး အခြေစိုက်စခန်းတွင် မြှုပ်ထားသည့် ယူကျီ။

**သူ့ကောင်းမှု။** ။ စစ်ကိုင်းစစ်မြေပြင် ပထမဆုံး တိုက်ပွဲတွင် သုံးခဲ့သည့် လက်ပစ်ဗုံးအားလုံး သူကခိုးထုတ်ပေးခဲ့သည်။ ထူးခြားသည့် ဖြစ်ရပ်တခုမှာ လက်ပစ်ဗုံးတွေ သေတ္တာလိုက် ခိုးထုတ်ရာတွင် ဖန်ဖြင့်လုပ်ထားသည့်၊ ထူးထူးခြားခြား ဗုံးတမျိုး ပါလာသည်။ ဗုံးတလုံးကို ဖောက်ခွဲကြည့်ရာ မီးခိုးများ ထွက်လာသည်။

မျက်ရည်ယို ဗုံးတမျိုးပဲ ဟုထင်ပြီး (တော်လှန်ရေးတွင် အသုံးမတည့်ဟုသဘောထားကာ) သောင်ပြင်တွင် တူးပြီးမြှုပ်ပစ်လိုက်သည်။ <BURMA.TheLongest War 1941-45.> စာအုပ်ဖတ်ရမှ ထိုဗုံးမှာ မျက်ရည်ယို ဗုံးမဟုတ်၊ ဂျာမဏီအတတ်ပညာဖြင့် ဂျပန်က ထုတ်လုပ်သည့် တင့်ကားဖျက် လက်နက်ဆန်းဖြစ်ကြောင်း သိရသည်။

**သူ့စွမ်းရည်။** ။ ဂျပန် ထောက်ပံ့ရေးမှူး၏လူယုံဖြစ်အောင် နေပြီး ဂိုဒေါင်သော့ကိုင်ဖြစ်အောင် လုပ်နိုင်သည်။ ထို့ကြောင့် အင်ဖားစစ်မြေပြင် ပို့မည့် လက်ပစ်ဗုံးများကို သေတ္တာလိုက် ခိုးယူနိုင်ခဲ့သည်။ သေတ္တာပေါင်း ဆယ်ဂဏန်း ရှိသည်။

အင်္ဂလိပ် မဟာမိတ်များ အကူအညီ မရခင်က တိုက်ပွဲများတွင် သုံးနိုင်ခဲ့သည်။ ပိုတောင်နေသေးသည်။

**သူ့နိဂုံး။** ။ ဂျပန်တော်လှန်ရေးတွင် အထက်ဗမာပြည်၌ ပထမဆုံး ဒဏ်ရာရသူဖြစ်။ အိန္ဒိယဆေးရုံတွင် ပထမဆုံး ဆေးကုခံရသူ ဖြစ်သည်။ ပြည်တွင်းစစ်အတွင်း ကျဆုံးသည်။ ။

**မှတ်ချက်။** ။ ဤကား အညတြယူကျီများ၏အကြောင်း သိသမျှဖြစ်သည်။ နိုင်ငံခြားသား ဖက်ဆစ်များနှင့် ပညာပြိုင်ရခြင်းဖြစ်သဖြင့် မိမိတို့၏ယူကျီများအတွက် နှိုင်းယှဉ်ချက်အရ လွယ်သည်။ ဟိုတုန်းက ဗမာပြည်သားက ဂျပန်ပြည်သား ဖြစ်ချင်၍မရ၊ ခြံခုန်ချင်လို့ မရ။ ။

## ၁၉၅၉ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်)အက်ဥပဒေ ပုဒ်မ ၇ (ခ) အရ ပေးအပ်သောဝန်ခံချက်ထဲမှ ကောက်နုတ်ချက်နှင့် ထင်မြင်ချက်

(ဂ) **နိုင်ငံရေးအာဏာကို လက်နက်ဖြင့်သိမ်းယူရန်** မည်သည့်ရှေ့ရှုချက်၊ သို့တည်းမဟုတ်ကျင့်သုံးချက်ကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

*****************************************

* ဤဥပဒေ ထုတ်ခဲ့သော နေဝင်းအိမ်စောင့်အစိုးရကပင် ၁၉၆၂ ခုနှစ်၌ နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းခဲ့သည်။ ညောင်နှစ်ပင်က ထွက်လာမည့် ဥပဒေကကော ?

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မည်သို့သော နိုင်ငံရေးအာဏာရှင်စနစ်ကိုမဆို၊ ရှေ့ရှုတည်ဆောက်ရန် သို့တည်းမဟုတ် ကျင့်သုံးရန် မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ပေးခြင်း မပြုပါ။

*****************************************

* စစ်အာဏာရှင်စနစ် နှစ် ၄၀ ကျော်ခဲ့ပြီ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများ ထားရှိခွင့်ပြုသော၊ ပါလီမန်ဒီမိုကရေစီစံနစ်ကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားစေမည့်အကြောင်း ဖြစ်ပေါ်စေသော၊ မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

*****************************************

* နိုင်ငံရေးပါတီ ၂၀၀ ကျော်နှင့် NLD, SNLD, UNA တို့ အခြေအနေကြည့်ရုံနှင့် သိလောက်ပါပြီ။

(စ) လျှို့ဝှက်ရဲအဖွဲ့ (SECRET POLICE) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့်စံနစ်မျိုးကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ပေးခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ပေးခြင်း မပြုပါ။

*****************************************

* ညလူခြေတိတ်တံခါးခေါက်ဝင်လာမည့်သူတွေရဲ့ ခြေသံကို ပြည်သူသန်း ၅၀ နားစွင့်နေရဆဲပါ။